## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မိမိတို့အနာဂတ် အခြားသူမဆုံးဖြတ်နိုင်ဖို့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးကြပါစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၂၆၄)
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ✭



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးပိုမိုဆောင်ရွက်

မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ရည်ရွယ်ချက်ငါးရပ်ဖြင့်ရေးဆွဲ၍ ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၉ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီသုံးရပ်နှင့်လုပ်ငန်းအဖွဲ့ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်မှုလုပ်ရပ်မှန်သမျှမှာ လူသားတို့ကိုကောင်းကျိုးမပေးသည့်လုပ်ရပ်ဖြစ်သည့်အတွက် လူသားအားလုံးက တိုက်ဖျက်ကြရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့ကိုဆန့်ကျင်ရှုတ်ချသူများကိုသာမက မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြသည်။ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး စသည်တို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးများနှင့်ကလေးငယ်များအပါအဝင် သာမန်ပြည်သူများထောင်နှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့်ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ပြီး ၁၃၀၁၁ ဦးဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့်လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်ချိတ်ဆက်နေသည်။ ၂၀၂၅ ခုနှစ်၏ နိုင်ငံတကာနှင့်ဒေသတွင်းဖြစ်စဉ်များအရ အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏စစ်ဆင်ရေးစရိတ်နှင့်လက်နက်ဝယ်ယူရန်ငွေကြေးကို မူးယစ်ဆေးဝါးရောင်းဝယ်မှုမှအဓိကရရှိခြင်းဖြစ်သည်။ အဆိုပါမှုခင်းများမှာ နယ်စပ်ဖြတ်ကျော်ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများတားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များ၏ အဓိကသော့ချက်သည် သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေကြောင်းအရအပြန်အလှန်အကူအညီပေးခြင်းတို့ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံချင်းစီ၏သီးခြားဆောင်ရွက်မှုသည် နယ်စပ်ဒေသ၌ရပ်တန့်သွားနိုင်သော်လည်း နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုသည် အကြမ်းဖက်သမားများအတွက် မည်သည့်နေရာမှခိုလှုံရာမရှိစေရန်ဖန်တီးလုပ်ဆောင်ပေးနိုင်သည်။

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်းတို့အပါအဝင် တရားမဝင်လမ်းကြောင်းများမှ ရန်ပုံငွေရှာဖွေကြသည်။ မြန်မာနိုင်ငံရှိ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှာလည်း ထို့အတူပင်ဖြစ်သည်။ အကြမ်းဖက် AA အဖွဲ့၏မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန်ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာမူးယစ်ရာဇာများနှင့်ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည်။

AA အဖွဲ့ဝင်များပါဝင်ပတ်သက်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်အထိ ၂၄ ကြိမ်ရှိခဲ့သည်။ AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သောအမှုကိုးမှုပါဝင်သည်။ အဖမ်းခံရသူများ၏ထွက်ဆိုချက်များအရ အဖမ်းခံရသူများသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ်လုပ်ဆောင်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန်ပေးအပ်ခံရသဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်ဟုသိရှိရသည်။ မူးယစ်ဆေးဝါးမှရရှိသောအကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုသည်။ ၎င်းတို့သည် နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့်ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့်စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းအချက်အလက်များမျှဝေခြင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်ချက်များညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု၏မူလဇာစ်မြစ်ကိုဖြေရှင်းရန် အတူတကွလုပ်ဆောင်ခြင်းတို့ပါဝင်သည်။ အကြမ်းဖက်မှုများနှင့်စပ်လျဉ်းပြီး INTERPOL ၊ ASEANAPOL တို့နှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ပိုမိုလုပ်ဆောင်လျက်ရှိရာ ပြည်သူလူထုကလည်းပူးပေါင်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၃၀-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၂-၁-၂၀၂၁ ရက်နေ့မှ ၁၂-၁၂-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၇ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၈၂ ဦး စုစုပေါင်း ၂၅၆ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှ စ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၃၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၃၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉၆ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၉၆၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင် |
| ၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင် | ၉။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၃။ ၀၉:၀၀ ကျန်းမာသုတ | ၁၀။ ၁၉:၀၀ CGTN Nature အပိုင်း(၁၄) |
| ၄။ ၁၀:၀၀ သီချင်းလက်ဆောင် | ၁၁။ ညစာနာရီသတင်းအပြီး နိုင်ငံတကာသတင်း |
| ၅။ ၁၁:၀၀ မြန်မာ့လက်သံ | ၁၂။ မိုးလေဝသသတင်း |
| ၆။ ၁၂:၀၀ ပန်းတို့၏အလှတရား | ၁၃။ တရားတော် |
| ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ | |

**MWD Variety Channel**

၇-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၃။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၄။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆:၄၅ သိလိုသမျှ ကျန်းမာရေးကဏ္ဍ


မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

➢ ကျောဖုံးမှအဆက်

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃) | ဦးချန်တန်ခင် | ၁/နမန(နိုင်)၀၀၃၇၆၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးငွါးဒီးယော် | ၁/မခဘ(နိုင်)၀၀၁၃၄၇ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးထက်အောင် | ၅/ခဥတ(နိုင်)၀၈၇၈၄၅ | မိုးညှင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးခက်ထိန်နန် | ၁/မကန(နိုင်)၀၆၉၄၂၉ | မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၇) | ဦးစိုးရယ် | ၂/ဘလခ(နိုင်)၀၀၀၂၈၄ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးမော်ရယ် | ၂/လကန(နိုင်)၀၄၈၂၆၁ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၉) | ဦးစောမြင့်ဦး | ၃/ကကရ(နိုင်)၁၆၄၆၁၂ | ဘားအံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးအေးမင်းထွေး | ၃/မဝတ(နိုင်)၀၁၆၉၈၇ | မြဝတီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးစန်းကို | ၈/မကန(နိုင်)၀၀၀၄၇၃ | သံတောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဒေါ်ဆန်းစစ်ရှီး | ၅/လရန(နိုင်)၀၀၃၄၇၇ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၃) | ဦးဟာမန် | ၅/လဟန(နိုင်)၀၀၃၅၃၂ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၄) | ဦးနောက်တွန်း | ၅/နယန(နိုင်)၀၀၆၅၁၉ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၅) | ဦးမင်းဆွေ | ၅/ကလထ(နိုင်)၀၇၂၀၁၄ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဒေါ်အေးအေးသန်း | ၅/ကသန(နိုင်)၀၇၀၂၉၅ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၇) | ဦးသက်ကိုကိုကျော် | ၅/ကဘလ(နိုင်)၀၀၀၃၈၃ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးမြတ်ကို | ၉/မမန(နိုင်)၀၇၃၈၀၄ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၉) | ဦးမင်းမင်းဇေယျာမြင့် | ၅/ကသန(နိုင်)၀၀၀၈၁၆ | စစ်ကိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးတင့်လှိုင်မြင့် | ၅/မရန(နိုင်)၀၁၇၃၄၈ | မုံရွာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဒေါက်တာသောင်းနိုင် | ၅/ရဘန(နိုင်)၀၇၅၁၂၄ | ရွှေဘိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | စိုင်းစံလှစိုး | ၅/ဟမလ(နိုင်)၀၁၅၃၂၁ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်း ညီညွတ်ရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၃) | ဒေါက်တာဝင်းအောင် | ၁၂/ဗဟန(နိုင်)၀၁၄၂၃၄ | ကော့သောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြတ်ကို | ၁၂/မဂတ(နိုင်)၀၆၈၆၄၂ | ထားဝယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးအောင်ကျော်ကျော်ဦး | ၆/တသရ(နိုင်)၀၁၉၅၁၈ | ဘုတ်ပြင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးခိုင်ဦး | ၆/မအရ(နိုင်)၀၉၈၁၇၄ | မြိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်သူ့ပါတီ |
| **ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၇) | ဦးသိန်းနိုင် | ၇/ညလပ(နိုင်)၀၁၂၅၈၀ | ညောင်လေးပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးသန်းစိုး | ၇/တငန(နိုင်)၁၃၅၀၆၅ | တောင်ငူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးမြစိုး | ၇/နတလ(နိုင်)၀၀၀၂၈၃ | နတ်တလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးမျိုးဆွေဝင်း | ၇/ပခန(နိုင်)၀၀၈၀၈၇ | ပဲခူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးအောင်ချိုဦး | ၇/ပမန(နိုင်)၁၁၇၇၄၈ | ပြည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးနိုင်လင်းဆွေ(ခ) ဦးထွန်းထွန်းဦး | ၇/ရတန(နိုင်)၀၇၀၈၆၀ | ရွှေတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးအောင်ကိုမင်း | ၇/မလန(နိုင်)၀၇၂၁၇၄ | လက်ပံတန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးရဲထွဋ် | ၁၂/ကမရ(နိုင်)၀၁၆၂၇၂ | သာယာဝတီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၅) | ဦးသန်းလှိုင် | ၈/ခမန(နိုင်)၁၀၇၇၇၁ | ချောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးအောင်နိုင်ဝင်း | ၈/ရနခ(နိုင်)၀၀၃၆၁၃ | ရေနံချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးတင်မြင့်ဦး | ၈/ပခက(နိုင်)၀၁၁၈၁၃ | ပခုက္ကူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးလွှမ်းမိုးထက် | ၈/တတက(နိုင်)၂၄၄၅၆၇ | တောင်တွင်းကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါက်တာ မောင်မောင်ဌေး | ၉/မရတ(နိုင်)၁၀၄၅၂၂ | မကွေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးရန်နိုင်စိုး | ၈/ပဖန(နိုင်)၀၇၅၆၆၄ | ပွင့်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးကျော်ဝင်းမြင့် | ၈/မဘန(နိုင်)၀၈၀၀၇၂ | မင်းဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၄ သို့ ➢

➢ စာမျက်နှာ ၃ မှအဆက်

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၄၂) ဦးကျော်ကျော် | ၈/သရန(နိုင်)၀၀၃၉၇၃ | သရက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) ဦးစန်းလွင် | ၈/မထန(နိုင်)၀၃၅၀၄၁ | အောင်လံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၄၄) ဦးစိုးစိုးထွန်း | ၉/ကဆန(နိုင်)၁၀၈၆၆၆ | ကျောက်ဆည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၅) ဦးစိန်တိုး | ၉/ညဥန(နိုင်)၀၇၁၈၀၈ | ညောင်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၆) ဦးဝင်းဇော် | ၉/ကဆန(နိုင်)၁၀၇၈၃၂ | ပြင်ဦးလွင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) ဦးကိုကိုထွေး | ၉/မရတ(နိုင်)၀၀၇၈၃၆ | ချမ်းအေးသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) ဦးအောင်ကျော်မိုး | ၁၃/ကလန(နိုင်)၀၁၈၁၇၀ | မိတ္ထီလာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) ဦးအောင်နိုင်ညွန့် | ၉/ပဘန(နိုင်)၀၀၅၇၂၁ | ပျော်ဘွယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) ဦးကျော်မြင့် | ၉/ရမသ(နိုင်)၀၀၂၂၁၉ | ရမည်းသင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဦးမျိုးအောင် | ၉/မနမ(နိုင်)၀၉၃၅၃၅ | အောင်မြေသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူးရုံး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းတွင် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော်တို့နွှဲပျော်" သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၂၅)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသူလေးများက မောရှမ်းမြေအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံး ဆုရကျောင်းများအား ဆုများပေးအပ်သည်၊

ဆက်လက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက မြို့နယ်အဆင့် လူရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့် (အင်္ဂလိပ်စာစွမ်းရည်)ပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့်(သင်္ချာစွမ်းရည်)ပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် (စာစီစာကုံး၊ ကဗျာ) ပြိုင်ပွဲဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်သည်။

ယင်းနောက် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "ထာဝရ မြန်မာ"အကအလှများဖြင့်ဖျော်ဖြေကြပြီး တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့်(စာစီစာကုံးနှင့်ကဗျာ) ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် (စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ) ပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများ၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်(မြို့နယ်အဆင့်) စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများ၊ National ICT Awards–2025 (3) ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲ (မြို့နယ်လက်ရွေးစင်) ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ကြောင်း သိရသည်။

ဖိုးနိုင်(မြဝတီ)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၈၀ | ၂၄၉၀ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | ၄၅၀၅ | ၂၇၄၅ | ၂၄၆၅ | ၂၅၈၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၀ |
| 95 Ron | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၀ | ၂၅၁၀ | ၄၅၆၀ | ၂၈၀၅ | ၂၅၃၀ | ၂၆၄၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၅၀ | ၂၂၁၅ | ၂၁၅၀ | ၂၂၅၅ | ၂၂၇၀ | ၂၂၉၀ | ၂၂၁၀ | - | ၂၅၀၀ | ၂၂၂၅ | ၂၇၈၅ | ၂၂၉၅ | ၂၂၆၀ | ၂၂၈၅ | ၂၅၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၉၀ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | ၄၈၃၀ | ၂၉၄၅ | ၂၆၆၅ | ၂၇၉၅ | ၂၇၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၉၀ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၆၅ | ၂၇၉၅ | ၂၇၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၂၆ | ၂၃၀၄ |
| 95 Ron | ၂၂၈၅ | ၂၃၆၅ |
| HSD (500 ppm) | ၁၉၉၃ | ၂၀၆၂ |
| HSD (50 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (10 ppm) | ၂၄၁၉ | ၂၄၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ❖ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား နိုင်ငံရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ များနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်း ဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

★ ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံး ဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေ များနှင့် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သံတမန် ဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြီးမားစွာဖြစ်ပွားခဲ့ပြီး နိုင်ငံတော်၏အာဏာကို မတရားသောနည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့မှုကြောင့် နိုင်ငံတော်၏တာဝန်ကို မလွှဲမရှောင်သာရယူခဲ့ရသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများနှင့် လွတ်လပ်ပြီးတရားမျှတ သည့်ရွေးကောက်ပွဲဖြစ်စေရေးနှင့် မဲစာရင်းများမှန်ကန်မှု ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲပထမပိုင်းအား အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပ ပြုလုပ်ရန်ကျန်ရှိသည့် မြို့နယ်များ၌ ရွေးကောက်ပွဲ အပိုင်း ၂ နှင့် အပိုင်း ၃ ကို ဆက်လက်ကျင်းပပြုလုပ် သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအပိုင်း ၁ ကျင်းပ ပြုလုပ်ချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် ဖိလစ်ပိုင်နိုင်ငံမှလည်းပါဝင်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲ နှင့်ပတ်သက်သည့် ကောင်းမွန်သည့်သုံးသပ်မှုများကို ရရှိခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံသားများ အားလုံး၏ ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေ ရေး ဆောင်ရွက်ပေးသည့်အခြေအနေများ၊ မြန်မာနိုင်ငံ နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား နိုင်ငံရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက် မှုများမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်း ဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူး ကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (၁၀၀)

## စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေ ထုတ်ချေးရန် စိစစ်ရေးအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်း တွင် ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ကျင်းပရာ စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍ သည် အဓိကပါဝင်လျက်ရှိရာ ပြည်သူများ ၏ အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်ရှည် ကူးသန်းရောင်းဝယ်ရေးချေးငွေ (Commercial)နှင့် MSME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးရေး ရေရှည်ရင်းနှီးမြှုပ်နှံ ရသော စီမံကိန်းနှင့်မူဝါဒဆိုင်ရာလုပ်ငန်း များအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ငွေကျပ် သန်း ၁၅၀၀ နှင့်အထက် တင်ပြလာသည့် ချေးငွေလျှောက်ထားမှုများကို စိစစ်နိုင်ရန် **“စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေး အဖွဲ့”** ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးကောင်စီရုံး၏ ၂-၈-၂၀၂၅ ရက်စွဲပါအမိန့် ကြော်ငြာစာဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း ပေးခဲ့ကြောင်း၊ ယခင်ထုတ်ချေးထားသော စီမံကိန်းနှင့် မူဝါဒချေးငွေများအနက် ချေးငွေ အချို့သည် ပြေကျေပြီးဖြစ်ကြောင်း တွေ့ရှိ ရပြီး ယခုအခါ စီမံကိန်းချေးငွေ ခုနစ်ခုနှင့် မူဝါဒချေးငွေ လေးခု စုစုပေါင်း ၁၁ ခုကျန်ရှိရာ အဆိုပါစီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေ ၁၁ ခု၏ ဆောင်ရွက်ထားရှိမှုအခြေအနေ များကို အဖွဲ့အနေဖြင့် သိရှိမှတ်တမ်းတင် နိုင်ရန်နှင့် ချေးငွေစီမံခန့်ခွဲမှုများကို အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်း စပ်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်း လင်းက စီမံကိန်းနှင့် မူဝါဒဆိုင်ရာထုတ်ချေး ထားသော ချေးငွေများအပေါ် ချေးငွေဆိုင်ရာ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေ အရင်းအတိုးများ ပုံမှန်ပေးဆပ်စေရေး၊ ချေးငွေပေးဆပ်ရန်ပျက်ကွက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပျက်ကွက် ပါကလည်း ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ် များကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြား ရေးမှူးက ယခင်စီမံကိန်းနှင့် မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့ ၁/၂၀၂၂ ၏အစည်း အဝေးဆုံးဖြတ်ချက်နှင့် အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေ အနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးက ချေးငွေများနှင့် စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ချေးငွေပြန်လည်ပေးဆပ်ရေးနှင့်စပ်လျဉ်း ၍ ဆောင်ရွက်နိုင်သည့်အခြေအနေများ ကိုလည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေး ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။ မြဝတီ

## သဖင်(FM) အသံလွှင့်အစီအစဉ်

၇-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၃၁˚c |
| ရန်ကုန် | ၁၈˚c | / | ၃၂˚c |
| မန္တလေး | ၁၄˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘ်ဘွန်း ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခမ်းအနားကို ဆင်နွှဲကျင်းပနေချိန်တွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ချမ်းမြေ့ပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားလိုပါသည်။ နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စွာမြှင့်တင်သွားရန် မိမိတို့၏အသင့်ရှိနေမှုကို ထပ်လောင်းပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် ပြည်သူများထံသို့ လည်းကောင်း လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်ကာလရှည်ကြာထူထောင်ထားသည့် ချစ်ကြည်ရင်းနှီးမှုကို အလွန်တန်ဖိုးထားလျက်ရှိပါသည်။ နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ကောင်းမွန်သည့်ဆက်ဆံရေးကို ထူထောင်ထားရှိခဲ့ပြီး နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန်အတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲ၍ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော်ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ထာဝရငြိမ်းချမ်းပြီး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စီဖီ ဂါအိဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ အဆွေတော်အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်နှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန်အသင့်ရှိပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်း ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တူညီသောယဉ်ကျေးမှုနှင့် ဘာသာရေးအမွေအနှစ်များအပေါ် အခြေခံသော ကာလရှည်ကြာစွာတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုတို့ကြောင့် ပိုမိုခိုင်မာခဲ့ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာတွင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရာတွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် မိမိအနေဖြင့် အဆွေတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် အက်တက်ဖ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ပြောကြားလိုပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန် မိမိအနေဖြင့် အသင့်ရှိကြောင်း ဝမ်းမြောက်စွာပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးမြို့၌ ကြိုတင်ဆန္ဒမဲပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များနှင့်အတူ မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက်နှင့် ဟေမမာလာ (မြောက်)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး၌ ဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးသူများကို သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒရှင်စာရင်းများနှင့်တိုက်ဆိုင်၍ သတ်မှတ်ပုံစံ (၁၃-က) တွင် စနစ်တကျမှတ်တမ်းရေးသွင်းထားရှိမှု၊ လျှို့ဝှက်ဆန္ဒပြုထားသည့်ကြိုတင်မဲလက်မှတ်စာအိတ်များကို နံပါတ်ပါ လုံခြုံရေးကြိုးများဖြင့်ပိတ်ထားသည့်သက်ဆိုင်ရာ မဲရုံနံပါတ်အလိုက် မဲပုံးများအတွင်းသို့ လုံခြုံစွာ ထည့်သွင်းသိမ်းဆည်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် ကြိုတင်မဲပေးခွင့်ရှိသူများကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုထားပြီးဖြစ်၍ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက်နှင့် (င) ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ရွေးကောက်ပွဲနေ့တွင် အခြားရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ တာဝန်ထမ်းဆောင်မည့် မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ထမ်းဆောင်မည့်သူများကို စနစ်တကျမှတ်တမ်းရေးသွင်း၍ ကြိုတင်မဲပေးနိုင်ရန် ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ကြိုတင်မဲလက်မှတ်စာအိတ်များကို သတ်မှတ်နံပါတ်ပါ လုံခြုံရေးကြိုးများဖြင့် ပိတ်ထားသည့်မဲပုံးများအတွင်းသို့ ထည့်သွင်းသိမ်းဆည်းထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | တနိုင်း | | | ၁၂၂၂၇ | ၂၈၃၆ | ၁၅၀၆၃ | |
| | | ဦးကောင်ဆိုင်းလ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၈၃ | ၂၅၃၈ | ၇၉၂၁ | ၅၂.၅၈% |
| | | ဦးစိန်းယုံ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၅၃၁ | ၁၆၄ | ၂၆၉၅ | ၁၇.၈၉% |
| | | ဦးဂွါမော်ဖော် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၈၄ | ၃၁ | ၂၆၁၅ | ၁၇.၃၆% |
| | | ဦးဘရန်ဆိုင်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၁၂၂ | ၇၅ | ၁၁၉၇ | ၇.၉၅% |
| | | ဒေါ်ဂွါဆူးကျိ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၇ | ၂၈ | ၆၃၅ | ၄.၂၂% |
| ၂ | ခေါင်လန်ဖူး | | | ၄၃၇၄ | ၂၉၅ | ၄၆၆၉ | |
| | | ဦးဇီရမ်ဆားရ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၁ | ၁၅၈ | ၂၁၂၉ | ၄၅.၆၀% |
| | | ဦးယဲဆာယဲ့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၀၃ | ၆၃ | ၁၀၆၆ | ၂၂.၈၃% |
| | | ဒေါ်ခေါ်ဒုထီရှင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂ | ၃၇ | ၇၇၉ | ၁၆.၆၈% |
| | | ဦးမဖန်းသိန်းအောင်(ခ)ခင်ရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄၃၀ | ၁၈ | ၄၄၈ | ၉.၆၀% |
| | | ဦးစီခန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၈ | ၁၉ | ၂၄၇ | ၅.၂၉% |
| ၃ | နောင်မွန်း | | | ၂၄၆၅ | ၃၇၂ | ၂၈၃၇ | |
| | | ဦးချန်တန်ခင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၆ | ၃၆၅ | ၂၅၃၁ | ၈၉.၂၁% |
| | | ဦးငွါးယော်ဆာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၉ | ၇ | ၃၀၆ | ၁၀.၇၉% |
| ၄ | ပူတာအို | | | ၁၉၈၄၅ | ၂၂၂၃ | ၂၂၀၆၈ | |
| | | ဦးငွါးဒီးယော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၃၁ | ၁၃၀၄ | ၇၀၃၅ | ၃၁.၈၈% |
| | | ဦးအားချယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၉၇ | ၁၉၃ | ၄၇၉၀ | ၂၁.၇၁% |
| | | ဦးလယ်မယ်ဟန်နီ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၅၅ | ၁၂၈ | ၃၄၈၃ | ၁၅.၇၈% |
| | | ဦးအမ်ထင်ဆန်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၇၈၀ | ၂၉၀ | ၃၀၇၀ | ၁၃.၉၁% |
| | | ဦးအာမိုးဆီ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၉၁ | ၂၃၄ | ၂၇၂၅ | ၁၂.၃၅% |
| | | ဦးလလောန် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၉၁ | ၇၄ | ၉၆၅ | ၄.၃၇% |
| ၅ | မိုးညှင်း | | | ၃၂၂၀၀ | ၄၃၈၉ | ၃၆၅၈၉ | |
| | | ဦးထက်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၉၂၁ | ၃၀၈၇ | ၁၅၀၀၈ | ၄၁.၀၂% |
| | | ဦးသိန်းနိုင်အောင်ဝေ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၇၄၃ | ၇၉၀ | ၁၂၅၃၃ | ၃၄.၂၅% |
| | | ဦးကျော်လွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၄၁ | ၃၉၉ | ၆၀၄၀ | ၁၆.၅၁% |
| | | ဦးယိမ်းခေါ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၈၉၅ | ၁၁၃ | ၃၀၀၈ | ၈.၂၂% |
| ၆ | မြစ်ကြီးနား | | | ၄၈၇၂၇ | ၆၂၂၂ | ၅၄၉၄၉ | |
| | | ဦးခက်ထိန်နန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၂၆၉ | ၅၄၇၄ | ၃၀၇၄၃ | ၅၅.၉၅% |
| | | ဒေါ်ခင်ခင်သော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၃၇ | ၁၇၄ | ၆၇၁၁ | ၁၂.၂၁% |
| | | ဦးဂေါ်လူနော်တောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၈၁ | ၂၀၀ | ၆၃၈၁ | ၁၁.၆၁% |
| | | ဦးအောင်ကျော်ထွန်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၆၆၂ | ၁၂၅ | ၃၇၈၇ | ၆.၉၀% |
| | | ဦးလုတ်ကျန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၀၅၂ | ၁၁၅ | ၃၁၆၇ | ၅.၉၄% |
| | | ဦးစိုးလင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၈၉၁ | ၆၃ | ၁၉၅၄ | ၃.၅၆% |
| | | ဦးထွန်းအောင်ကျော် | တစ်သီးပုဂ္ဂလ | ၁၁၂၀ | ၅၂ | ၁၁၇၂ | ၂.၁၃% |
| | | ဦးယဉ်ထန်ဖုန် | တစ်သီးပုဂ္ဂလ | ၉၁၅ | ၁၉ | ၉၃၄ | ၁.၇၀% |
| | ကယားပြည်နယ် | | | | | | |
| ၇ | ဘောလခဲ | | | ၄၀၈ | ၁၃၄၄ | ၁၇၅၂ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၉ | ၁၂၅၂ | ၁၆၀၁ | ၉၁.၃၈% |
| | | ဦးကိုကိုဦး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၃၆ | ၆၀ | ၉၆ | ၅.၄၈% |
| | | ဒေါ်စုနန္ဒာဖြိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃ | ၃၂ | ၅၅ | ၃.၁၄% |
| ၈ | လွိုင်ကော် | | | ၂၇၈၀၆ | ၄၂၃၃ | ၃၂၀၃၉ | |
| | | ဦးမော်ရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၃၉၅ | ၃၄၀၅ | ၁၅၈၀၀ | ၄၉.၃၂% |
| | | စောဒယ်နီယယ် | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၀၀၄၃ | ၅၆၂ | ၁၀၆၀၅ | ၃၃.၁၀% |
| | | ဦးစိုင်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၆၈ | ၂၆၆ | ၅၆၃၄ | ၁၇.၅၈% |
| | ကရင်ပြည်နယ် | | | | | | |
| ၉ | ဘားအံ | | | ၈၈၅၆၉ | ၁၀၃၈၇ | ၉၈၉၅၆ | |
| | | ဦးစောမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၂၂၇ | ၈၄၆၁ | ၄၀၆၈၈ | ၄၁.၁၂% |
| | | စောမင်းမင်းမြိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၃၃၁၁ | ၇၃၀ | ၂၄၀၄၁ | ၂၄.၂၉% |

စာမျက်နှာ ၈ သို့ →

→ စာမျက်နှာ ၇ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | စဘီကျင်ဦး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၇၆၀၉ | ၆၄၆ | ၁၈၂၅၅ | **၁၈.၄၅%** |
| | | နန်းဝါဝါနွယ် | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၁၇၉ | ၂၄၅ | ၈၄၂၄ | **၈.၅၁%** |
| | | ဦးတင်စစ်မင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၃၇၅ | ၂၃၈ | ၄၆၁၃ | **၄.၆၆%** |
| | | ဦးစည်သူထိုက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၆၈ | ၆၇ | ၂၉၃၅ | **၂.၉၇%** |
| ၁၀ | **မြဝတီ** | | | ၁၂၄၄၄ | ၄၉၁၉ | ၁၇၃၆၃ | |
| | | ဦးအေးမင်းထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၁၇ | ၂၈၀၂ | ၆၇၁၉ | **၃၈.၆၉%** |
| | | စောတင်ထွန်းနိုင် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၉၆၂ | ၁၂၁၁ | ၄၁၇၃ | **၂၄.၀၃%** |
| | | ဦးစိုးနောင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၉၀၃ | ၅၈၈ | ၃၄၉၁ | **၂၀.၁၁%** |
| | | ခွန်ရဲရင့်အောင် | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၆၁၂ | ၁၀၁ | ၁၇၁၃ | **၉.၈၇%** |
| | | ဦးညီညီထွန်း | တစ်သီးပုဂ္ဂလ | ၇၂၂ | ၁၆၈ | ၈၉၀ | **၅.၁၃%** |
| | | ဦးမင်းသူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၈ | ၄၉ | ၃၇၇ | **၂.၁၇%** |
| ၁၁ | **သံတောင်ကြီး** | | | ၅၅၂ | ၁၉၆၄ | ၂၅၁၆ | |
| | | ဦးစန်းကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၅ | ၁၆၀၁ | ၁၉၄၆ | **၇၇.၃၄%** |
| | | ဦးစောခူးရီ(ခ)ဦးတင်ထွဋ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၉၅ | ၃၅၁ | ၅၄၆ | **၂၁.၇၀%** |
| | | ဦးဇော်ဆိုင်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၂ | ၁၂ | ၂၄ | **၀.၉၆%** |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၁၂ | **လေရှီး** | | | ၇၈၉၄ | ၅၃၅ | ၈၄၂၉ | |
| | | ဒေါ်ဆန်းစစ်ရှီး | နာဂအမျိုးသားပါတီ | ၄၅၂၆ | ၂၆၂ | ၄၇၈၈ | **၅၆.၈၀%** |
| | | ဦးစီမူထောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၈ | ၂၇၃ | ၃၆၄၁ | **၄၃.၂၀%** |
| ၁၃ | **လဟယ်** | | | ၁၇၉၉၉ | ၇၃၃ | ၁၈၇၃၂ | |
| | | ဦးဟာမန် | နာဂအမျိုးသားပါတီ | ၉၉၁၉ | ၂၉၈ | ၁၀၂၁၇ | **၅၄.၅၄%** |
| | | ဦးတိုးလုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၈၀ | ၄၃၅ | ၈၅၁၅ | **၄၅.၄၆%** |
| ၁၄ | **နန်းယွန်း** | | | ၁၈၇၂၆ | ၁၂၆၄ | ၁၉၉၉၀ | |
| | | ဦးနောက်တွန်း | နာဂအမျိုးသားပါတီ | ၉၉၂၀ | ၅၇၅ | ၁၀၄၉၅ | **၅၂.၅၀%** |
| | | ဦးဖူးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၈၀၆ | ၆၈၉ | ၉၄၉၅ | **၄၇.၅၀%** |
| ၁၅ | **ကလေး** | | | ၂၅၅၂၄ | ၄၆၄၂ | ၃၀၁၆၆ | |
| | | ဦးမင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၁၅၉ | ၄၁၆၁ | ၁၇၃၂၀ | **၅၇.၄၂%** |
| | | ဦးပြည်သိမ်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၆၅ | ၄၈၁ | ၁၂၈၄၆ | **၄၂.၅၈%** |
| ၁၆ | **ကသာ** | | | ၈၆၂၈ | ၁၂၃၃ | ၉၈၆၁ | |
| | | ဒေါ်အေးအေးသန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၉၆ | ၃၄၄ | ၄၉၄၀ | **၅၀.၁၀%** |
| | | ဦးအောင်ကိုစံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၃၂ | ၈၈၉ | ၄၉၂၁ | **၄၉.၉၀%** |
| ၁၇ | **ကန့်ဘလူ** | | | ၂၅၀၆၃ | ၁၉၂၄ | ၂၆၉၈၇ | |
| | | ဦးသက်ကိုကိုကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၀၉၀ | ၁၆၀၉ | ၁၅၆၉၉ | **၅၈.၁၇%** |
| | | ဦးစိုးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၅၇၇ | ၁၇၆ | ၅၇၅၃ | **၂၁.၃၂%** |
| | | ဦးဇေယျာကျော် | တစ်သီးပုဂ္ဂလ | ၅၃၉၆ | ၁၃၉ | ၅၅၃၅ | **၂၀.၅၁%** |
| ၁၈ | **ခန္တီး** | | | ၁၂၀၈၈ | ၉၉၀ | ၁၃၀၇၈ | |
| | | ဦးမြတ်ကို | နာဂအမျိုးသားပါတီ | ၅၄၃၄ | ၉၄ | ၅၅၂၈ | **၄၂.၂၇%** |
| | | ဦးစောမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၄၀ | ၈၃၂ | ၄၀၇၂ | **၃၁.၁၄%** |
| | | ဦးဘိုဘိုအောင် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၂၂၈၃ | ၃၃ | ၂၃၁၆ | **၁၇.၇၁%** |
| | | ဦးငွေးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၃၀ | ၃၁ | ၁၁၆၁ | **၈.၈၈%** |
| ၁၉ | **စစ်ကိုင်း** | | | ၄၃၂၈၄ | ၃၂၄၆ | ၄၆၅၃၀ | |
| | | ဦးမင်းမင်းဇေယျာမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၉၇၁ | ၂၇၇၅ | ၂၃၇၄၆ | **၅၁.၀၃%** |
| | | ဦးညွန့်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၁၅ | ၁၅၆ | ၈၉၇၁ | **၁၉.၂၈%** |
| | | ဦးဇော်ဇော်ထွန်း | ပြည်သူ့ပါတီ | ၇၀၈၅ | ၁၂၅ | ၇၂၁၀ | **၁၅.၅၀%** |
| | | ဒေါ်သိင်္ဂီအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၁၃ | ၁၉၀ | ၆၆၀၃ | **၁၄.၁၉%** |
| ၂၀ | **မုံရွာ** | | | ၆၃၅၂၀ | ၅၅၆၀ | ၆၉၀၈၀ | |
| | | ဦးတင့်လှိုင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၃၃၀ | ၅၀၀၄ | ၂၉၃၃၄ | **၄၂.၄၆%** |
| | | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၅၇ | ၃၈၉ | ၂၃၉၄၆ | **၃၄.၆၆%** |
| | | ဦးသားညီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၄၄၆ | ၁၁၇ | ၉၅၆၃ | **၁၃.၈၅%** |
| | | ဦးဇင်မိုးထွန်း | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၆၁၈၇ | ၅၀ | ၆၂၃၇ | **၉.၀၃%** |

စာမျက်နှာ ၉ သို့ →

→ စာမျက်နှာ ၈ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၂၁ | **ရွှေဘို** | | | ၄၆၁၀ | ၁၇၄၅ | ၆၃၅၅ | |
| | | ဒေါက်တာသောင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၅၀ | ၁၆၇၁ | ၄၁၂၁ | **၆၄.၈၅%** |
| | | ဦးကျော်မြင့်ထွန်း | ပြည်သူ့ပါတီ | ၁၆၅၂ | ၅၉ | ၁၇၁၁ | **၂၆.၉၂%** |
| | | ဦးစိုင်းဝေယံ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၈ | ၁၅ | ၅၂၃ | **၈.၂၃%** |
| ၂၂ | **ဟုမ္မလင်း** | | | ၂၉၉၃၂ | ၂၂၄၃ | ၃၂၁၇၅ | |
| | | စိုင်းစံလှစိုး | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၄၅၅၇ | ၆၅၉ | ၁၅၂၁၆ | **၄၇.၂၉%** |
| | | ဦးလှသွင်သောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၃၆ | ၁၃၅၁ | ၉၆၈၇ | **၃၀.၁၀%** |
| | | ဒေါ်မေရီသက်ကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၈၈၅ | ၁၆၅ | ၅၀၅၀ | **၁၅.၇၀%** |
| | | ဦးကိုသစ် | နာဂအမျိုးသားပါတီ | ၂၁၅၄ | ၆၈ | ၂၂၂၂ | **၆.၉၁%** |
| | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| ၂၃ | **ကော့သောင်း** | | | ၃၄၅၃၀ | ၅၂၂၈ | ၃၉၇၅၈ | |
| | | ဒေါက်တာဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၄၆၂ | ၄၅၇၆ | ၁၉၀၃၈ | **၄၇.၈၉%** |
| | | ဦးဝင်းဆန်း | ပြည်သူ့ပါတီ | ၁၀၃၆၂ | ၃၁၈ | ၁၀၆၈၀ | **၂၆.၈၆%** |
| | | ဦးနေဇာလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၇၀၆ | ၃၃၄ | ၁၀၀၄၀ | **၂၅.၂၅%** |
| ၂၄ | **ထားဝယ်** | | | ၃၆၇၇၃ | ၃၄၅၄ | ၄၀၂၂၇ | |
| | | ဦးမြတ်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၈၄ | ၃၃၁၇ | ၂၄၅၀၁ | **၆၀.၉၁%** |
| | | ဦးညီညီ | ပြည်သူ့ပါတီ | ၈၉၀၇ | ၈၂ | ၈၉၈၉ | **၂၂.၃၄%** |
| | | ဦးအောင်သူလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၈၂ | ၅၅ | ၆၇၃၇ | **၁၆.၇၅%** |
| ၂၅ | **ဘုတ်ပြင်း** | | | ၁၆၃၄၄ | ၃၆၀၁ | ၁၉၉၄၅ | |
| | | ဦးအောင်ကျော်ကျော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၇၆ | ၃၃၃၃ | ၁၁၃၀၉ | **၅၆.၇၀%** |
| | | ဦးငွေလင်း | ပြည်သူ့ပါတီ | ၄၉၈၂ | ၁၄၇ | ၅၁၂၉ | **၂၅.၇၂%** |
| | | ဦးမြတ်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၈၆ | ၁၂၁ | ၃၅၀၇ | **၁၇.၅၈%** |
| ၂၆ | **မြိတ်** | | | ၉၀၈၆၇ | ၅၃၁၈ | ၉၆၁၈၅ | |
| | | ဦးခိုင်ဦး | ပြည်သူ့ပါတီ | ၃၅၈၁၉ | ၃၄၉ | ၃၆၁၆၈ | **၃၇.၆၀%** |
| | | ဦးဝင်းကြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၈၁၃ | ၄၆၂၉ | ၃၅၄၄၂ | **၃၆.၈၅%** |
| | | ဦးအောင်ယု | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၁၅၀ | ၁၈၁ | ၁၂၃၃၁ | **၁၂.၈၂%** |
| | | ဒေါ်ညိုမီအောင် | တစ်သီးပုဂ္ဂလ | ၁၂၀၈၅ | ၁၅၉ | ၁၂၂၄၄ | **၁၂.၇၃%** |
| | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| ၂၇ | **ညောင်လေးပင်** | | | ၅၀၉၁၂ | ၃၈၅၂ | ၅၄၇၆၄ | |
| | | ဦးသိန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၈၇၂ | ၂၆၇၅ | ၂၂၅၄၇ | **၄၁.၁၇%** |
| | | ဦးထွန်းထွန်းနိုင် | ပြည်သူ့ပါတီ | ၉၉၉၄ | ၃၂၈ | ၁၀၃၂၂ | **၁၈.၈၅%** |
| | | ဦးထက်ဖြိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၅၈၇ | ၃၆၁ | ၈၉၄၈ | **၁၆.၃၄%** |
| | | ဦးငြိမ်းချမ်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၇၆ | ၁၇၂ | ၄၆၄၈ | **၈.၄၉%** |
| | | ဦးဝင်းလွင်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၄၉၃ | ၁၄၂ | ၄၆၃၅ | **၈.၄၆%** |
| | | ဦးညီညီမော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၉၀ | ၁၇၄ | ၃၆၆၄ | **၆.၆၉%** |
| ၂၈ | **တောင်ငူ** | | | ၆၈၆၂၄ | ၁၄၄၁၀ | ၈၃၀၃၄ | |
| | | ဦးသန်းစိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၃၉ | ၁၁၈၃၆ | ၃၈၅၇၅ | **၄၆.၄၆%** |
| | | ဒေါ်အေးမြင့်မော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၂၆၁ | ၈၅၈ | ၁၆၁၁၉ | **၁၉.၄၁%** |
| | | ဦးကျော်စိုးမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၃၄၈ | ၁၀၂၄ | ၁၄၃၇၂ | **၁၇.၃၁%** |
| | | ဦးတေဇာအောင် | ပြည်သူ့ပါတီ | ၁၃၂၇၆ | ၆၉၂ | ၁၃၉၆၈ | **၁၆.၈၂%** |
| ၂၉ | **နတ်တလင်း** | | | ၅၀၅၉၁ | ၃၁၂၂ | ၅၃၇၁၃ | |
| | | ဦးမြစိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၄၈၀ | ၂၂၄၄ | ၂၃၇၂၄ | **၄၄.၁၇%** |
| | | ဒေါ်ငွေငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၉၈၀ | ၃၂၀ | ၁၀၃၀၀ | **၁၉.၁၈%** |
| | | ဒေါ်ဇာခြည်လင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၈၂၁၇ | ၂၄၉ | ၈၄၆၆ | **၁၅.၇၆%** |
| | | ဦးကြည်တင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၄၉ | ၁၀၅ | ၅၇၅၄ | **၁၀.၇၁%** |
| | | ဦးဇော်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၆၅ | ၂၀၄ | ၅၄၆၉ | **၁၀.၁၈%** |
| ၃၀ | **ပဲခူး** | | | ၁၄၃၆၃၉ | ၁၉၇၇၈ | ၁၆၃၄၁၇ | |
| | | ဦးမျိုးဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၇၃၈ | ၁၇၆၄၄ | ၈၃၃၈၂ | **၅၁.၀၃%** |
| | | ဒေါ်သိန်းသိန်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၇၇၆ | ၅၄၇ | ၁၈၃၂၃ | **၁၁.၂၁%** |
| | | ဦးသက်ကျော်ဆန်း | ပြည်သူ့ပါတီ | ၁၅၈၄၀ | ၃၅၂ | ၁၆၁၉၂ | **၉.၉၁%** |
| | | ဦးလူအေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၁၁ | ၂၃၇ | ၁၁၅၄၈ | **၇.၀၇%** |
| | | ဦးတင်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၀၁ | ၃၄၄ | ၁၁၄၄၅ | **၇.၀၀%** |
| | | ဦးကျော်သူ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၀၉၈၂ | ၃၀၀ | ၁၁၂၈၂ | **၆.၉၀%** |

စာမျက်နှာ ၁၀ သို့ →

→ စာမျက်နှာ ၉ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဦးဖွဲ့မြတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၈၉၁ | ၃၅၄ | ၁၁၂၄၅ | ၆.၈၈% |
| ၃၀ | **ပြည်** | | | ၇၆၉၅၀ | ၁၂၀၈၄ | ၈၉၀၃၄ | |
| | | ဦးအောင်ချိုဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၉၇၄ | ၈၈၆၃ | ၃၇၈၃၇ | ၄၂.၅၀% |
| | | ဒေါ်ခမ်းခမ်းဆု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၃၄၂ | ၁၂၂၂ | ၁၄၅၆၄ | ၁၆.၃၆% |
| | | ဦးကျော်ခိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၆၉၈ | ၄၁၁ | ၈၁၀၉ | ၉.၁၁% |
| | | ဒေါ်ရီရီကျော် | ပြည်သူ့ပါတီ | ၇၂၉၄ | ၃၈၉ | ၇၆၈၃ | ၈.၆၃% |
| | | ဦးအောင်ကိုဝင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၅၇၉၆ | ၂၈၄ | ၆၀၈၀ | ၆.၈၃% |
| | | ဒေါ်မြတ်မိုးထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၅၀၉ | ၃၉၉ | ၅၉၀၈ | ၆.၆၃% |
| | | ဒေါ်ခင်လင်းသူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၈၆ | ၃၁၇ | ၄၆၀၃ | ၅.၁၇% |
| | | ဦးငြိမ်းချမ်းထွန်း | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၄၀၅၁ | ၁၉၉ | ၄၂၅၀ | ၄.၇၇% |
| ၃၂ | **ရွှေတောင်** | | | ၆၀၄၄၉ | ၄၅၁၉ | ၆၄၉၆၈ | |
| | | ဦးနိုင်လင်းဆွေ(ခ)<br>ဦးထွန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၈၆၂ | ၂၆၈၆ | ၂၀၅၄၈ | ၃၁.၆၃% |
| | | ဦးမင်းထွဋ်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၃၄ | ၇၅၁ | ၁၅၀၈၅ | ၂၃.၂၂% |
| | | ဒေါ်ဇင်မာဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၅၅ | ၄၁၂ | ၈၆၆၇ | ၁၃.၃၄% |
| | | ဦးမြင့်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၁၉၈ | ၁၁၄ | ၅၃၁၂ | ၈.၁၈% |
| | | ဦးစန်းကျော်လင်းအောင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၆၃၁ | ၁၉၆ | ၄၈၂၇ | ၇.၄၃% |
| | | ဦးဇော်ဇော်လတ် | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၃၄၃၃ | ၁၁၆ | ၃၅၄၉ | ၅.၄၆% |
| | | ဦးရှိန်းထက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၉၁ | ၁၃၂ | ၃၅၂၃ | ၅.၄၂% |
| | | ဒေါ်ဝါဝါ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၃၃၄၅ | ၁၁၂ | ၃၄၅၇ | ၅.၃၂% |
| ၃၃ | **လက်ပံတန်း** | | | ၅၇၇၉၈ | ၃၁၇၂ | ၆၀၉၇၀ | |
| | | ဦးအောင်ကိုမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၅၄၃ | ၁၆၂၄ | ၂၀၁၆၇ | ၃၃.၀၈% |
| | | ဒေါ်ညိုညိုတင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၈၇၅ | ၈၀၁ | ၁၆၆၇၆ | ၂၇.၃၅% |
| | | ဦးထွန်းထွန်းဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၄၇ | ၃၇၅ | ၈၂၂၂ | ၁၃.၄၈% |
| | | ဦးအောင်မြတ်မင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၇၈၁၂ | ၂၄၁ | ၈၀၅၃ | ၁၃.၂၁% |
| | | ဦးမြင့်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၇၂၁ | ၁၃၁ | ၇၈၅၂ | ၁၂.၈၈% |
| ၃၄ | **သာယာဝတီ** | | | ၆၁၃၀၉ | ၈၂၄၈ | ၆၉၅၅၇ | |
| | | ဦးရဲထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၄၉၃ | ၅၃၉၈ | ၃၁၈၉၁ | ၄၅.၈၅% |
| | | ဒေါ်တိုးတိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၉၀၀ | ၁၃၀၅ | ၁၄၂၀၅ | ၂၀.၄၂% |
| | | ဦးဇော်ညီညီစိန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၆၃ | ၈၉၈ | ၁၂၁၆၁ | ၁၇.၄၈% |
| | | ဒေါ်ဖြိုးဇာနည်လှိုင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၂၄၃ | ၄၀၄ | ၆၆၄၇ | ၉.၅၆% |
| | | ဦးအောင်သိန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၁၀ | ၂၄၃ | ၄၆၅၃ | ၆.၆၉% |
| | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၃၅ | **ချောက်** | | | ၂၃၉၃၈ | ၂၉၇၈ | ၂၆၉၁၆ | |
| | | ဦးသန်းလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၉၉၉ | ၂၀၉၃ | ၁၁၀၉၂ | ၄၁.၂၁% |
| | | ဦးမျိုးလှိုင်ဦး | ပြည်သူ့ပါတီ | ၅၅၃၆ | ၃၄၄ | ၅၈၈၀ | ၂၁.၈၅% |
| | | ဦးသင်္ခါကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၁၁၉ | ၃၄၅ | ၅၄၆၄ | ၂၀.၃၀% |
| | | ဒေါ်မေသဇင်ဖြိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၂၈၄ | ၁၉၆ | ၄၄၈၀ | ၁၆.၆၄% |
| ၃၆ | **ရေနံချောင်း** | | | ၂၂၆၆၃ | ၂၃၂၃ | ၂၄၉၈၆ | |
| | | ဦးအောင်နိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၀၀ | ၁၇၈၂ | ၁၃၄၈၂ | ၅၃.၉၆% |
| | | ဦးရွှေမြိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၉၈ | ၃၈၇ | ၇၀၈၅ | ၂၈.၃၆% |
| | | ဦးညာဏ်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၂၆၅ | ၁၅၄ | ၄၄၁၉ | ၁၇.၆၈% |
| ၃၇ | **ပခုက္ကူ** | | | ၄၂၇၇၈ | ၇၅၃၅ | ၅၀၃၁၃ | |
| | | ဦးတင်မြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၉၄၉ | ၆၈၆၈ | ၂၄၈၁၇ | ၄၉.၃၂% |
| | | ဒေါ်တိုးတိုးကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၉၅ | ၅၁၆ | ၁၅၇၁၁ | ၃၁.၂၃% |
| | | ဦးမျိုးသူထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၃၄ | ၁၅၁ | ၉၇၈၅ | ၁၉.၄၅% |
| ၃၈ | **တောင်တွင်းကြီး** | | | ၉၁၉၁၅ | ၆၁၀၈ | ၉၈၀၂၃ | |
| | | ဦးလှမ်းမိုးထက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၇၇၅ | ၄၁၇၈ | ၃၄၉၅၃ | ၃၅.၆၆% |
| | | ဒေါ်သန်းသန်းစိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၁၀ | ၉၆၈ | ၂၇၇၇၈ | ၂၈.၃၄% |
| | | ဦးချစ်မောင်မောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၃၀၃ | ၄၄၁ | ၂၀၇၄၄ | ၂၁.၁၆% |
| | | ဦးအေးကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၃၉ | ၂၉၅ | ၇၅၃၄ | ၇.၆၉% |
| | | ဦးမြင့်သူ | ပြည်သူ့ပါတီ | ၆၇၈၈ | ၂၂၆ | ၇၀၁၄ | ၇.၁၅% |

စာမျက်နှာ ၁၁ သို့ →

→ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၃၉ | **မကွေး** | | | ၁၃၀၁၁၀ | ၇၈၄၆ | ၁၃၇၉၅၆ | |
| | | ဒေါက်တာမောင်မောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၁၃၁ | ၆၅၇၈ | ၆၂၇၀၉ | **၄၅.၄၆%** |
| | | ဦးခင်မောင်ချို | ပြည်သူ့ပါတီ | ၂၅၁၁၅ | ၃၆၆ | ၂၅၄၈၁ | **၁၈.၄၇%** |
| | | ဦးတင့်လှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၉၈၄ | ၅၀၇ | ၂၃၄၉၁ | **၁၇.၀၃%** |
| | | ဒေါ်သီတာမျိုးသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၅၀၉ | ၂၆၀ | ၁၃၇၆၉ | **၉.၉၈%** |
| | | ဦးသူဂျူလိုင်ထိုက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၃၇၁ | ၁၃၅ | ၁၂၅၀၆ | **၉.၀၆%** |
| ၄၀ | **ပွင့်ဖြူ** | | | ၅၂၉၈၀ | ၂၇၅၃ | ၅၅၇၃၃ | |
| | | ဦးရန်နိုင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၄၀၁ | ၂၀၉၁ | ၂၄၄၉၂ | **၄၃.၉၄%** |
| | | ဦးစည်သူဟိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၉၈ | ၂၉၂ | ၁၄၉၉၀ | **၂၆.၉၀%** |
| | | ဦးထွန်းကျော်လွင် | ပြည်သူ့ပါတီ | ၁၀၇၈၃ | ၂၀၄ | ၁၀၉၈၇ | **၁၉.၇၁%** |
| | | ဦးသိန်းဇော်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၀၉၈ | ၁၆၆ | ၅၂၆၄ | **၉.၄၅%** |
| ၄၁ | **မင်းဘူး** | | | ၆၆၈၂၆ | ၄၆၆၅ | ၇၁၄၉၁ | |
| | | ဦးကျော်ဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၄၁၅ | ၃၆၀၃ | ၃၈၀၁၈ | **၅၃.၁၈%** |
| | | ဦးအောင်နိုင်မိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၅၈၈ | ၆၁၆ | ၂၀၂၀၄ | **၂၈.၂၆%** |
| | | ဒေါ်အိအိဖြိုး | ပြည်သူ့ပါတီ | ၁၂၈၂၃ | ၄၄၆ | ၁၃၂၆၉ | **၁၈.၅၆%** |
| ၄၂ | **သရက်** | | | ၂၂၈၃၂ | ၂၇၂၉ | ၂၅၅၆၁ | |
| | | ဦးကျော်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၃၉၉ | ၁၉၉၉ | ၁၁၃၉၈ | **၄၄.၅၉%** |
| | | ဦးတင်ထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၇၅ | ၄၁၃ | ၇၉၈၈ | **၃၁.၂၅%** |
| | | ဒေါ်အေးအိအိလှိုင် | ပြည်သူ့ပါတီ | ၅၈၅၈ | ၃၁၇ | ၆၁၇၅ | **၂၄.၁၆%** |
| ၄၃ | **အောင်လံ** | | | ၆၃၈၁၅ | ၄၈၈၁ | ၆၈၆၉၆ | |
| | | ဦးစန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၇၇၃ | ၄၀၅၀ | ၃၅၈၂၃ | **၅၂.၁၅%** |
| | | ဦးစိန်ဗိုလ်တင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၉၃၈ | ၄၇၀ | ၂၀၄၀၈ | **၂၉.၇၁%** |
| | | ဒေါ်နှင်းသီတာလွင် | ပြည်သူ့ပါတီ | ၁၂၁၀၄ | ၃၆၁ | ၁၂၄၆၅ | **၁၈.၁၄%** |
| | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| ၄၄ | **ကျောက်ဆည်** | | | ၁၃၀၂၂၁ | ၅၃၂၅ | ၁၃၅၅၄၆ | |
| | | ဦးစိုးစိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၇၆ | ၄၃၀၃ | ၆၄၉၇၉ | **၄၇.၉၄%** |
| | | ဒေါ်မင်းမင်းထိုက် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၄၇၇ | ၃၀၇ | ၂၂၇၈၄ | **၁၆.၈၁%** |
| | | ဒေါ်ကြူကြူလှိုင် | ပြည်သူ့ပါတီ | ၁၄၈၆၄ | ၁၈၂ | ၁၅၀၄၆ | **၁၁.၁၀%** |
| | | ဒေါ်ဆွေဆွေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၀၆၈ | ၂၄၁ | ၁၂၃၀၉ | **၉.၀၈%** |
| | | ဒေါက်တာလှဲ့ယဉ်မြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၄၆ | ၁၇၇ | ၁၀၄၂၃ | **၇.၆၉%** |
| | | ဦးစိုင်းမင်းထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၉၀ | ၁၁၅ | ၁၀၀၀၅ | **၇.၃၈%** |
| ၄၅ | **ညောင်ဦး** | | | ၅၃၃၀၉ | ၂၇၄၉ | ၅၆၀၅၈ | |
| | | ဦးစိန်တိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၄၀၄ | ၅၄၉ | ၂၁၉၅၃ | **၃၉.၁၆%** |
| | | ဦးအောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၄၃၆ | ၁၈၃၅ | ၂၀၂၇၁ | **၃၆.၁၆%** |
| | | ဒေါ်ခိုင်စံပယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၄၆၉ | ၃၆၅ | ၁၃၈၃၄ | **၂၄.၆၈%** |
| ၄၆ | **ပြင်ဦးလွင်** | | | ၁၀၈၄၂၄ | ၁၂၄၁၅ | ၁၂၀၈၃၉ | |
| | | ဦးဝင်းဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၂၉၂ | ၁၀၁၄၉ | ၆၃၄၄၁ | **၅၂.၅၀%** |
| | | ဦးထွန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၇၇၃ | ၆၆၄ | ၁၄၄၃၇ | **၁၁.၉၅%** |
| | | ဦးမိုက်ကယ်ထွန်း | ပြည်သူ့ပါတီ | ၁၀၄၆၃ | ၃၁၅ | ၁၀၇၇၈ | **၈.၉၂%** |
| | | ဦးဆန်းညွန့်သိန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၅၉၆ | ၃၇၄ | ၉၉၇၀ | **၈.၂၅%** |
| | | ဦးဇေယျမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၀၉ | ၄၉၁ | ၉၈၀၀ | **၈.၁၁%** |
| | | ဦးသန်းမြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၅၅ | ၃၀၀ | ၆၅၅၅ | **၅.၄၂%** |
| | | ဦးကိုကိုနိုင်(ခ)ဦးကျော်ခန့် | မျိုးဆက်သစ်ဝံသာနုပါတီ | ၅၇၃၆ | ၁၂၂ | ၅၈၅၈ | **၄.၈၅%** |
| ၄၇ | **ချမ်းအေးသာစံ** | | | ၆၀၉၆၄ | ၄၇၈၄ | ၆၅၇၄၈ | |
| | | ဦးကိုကိုထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၃၄ | ၃၀၀၄ | ၂၁၁၃၈ | **၃၂.၁၅%** |
| | | ဒေါ်ကြည်ကြည်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၈၇ | ၄၀၂ | ၈၀၈၉ | **၁၂.၃၀%** |
| | | ဦးကိုကိုကြီး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁၅ | ၃၈၁ | ၇၉၉၆ | **၁၂.၁၆%** |
| | | ဒေါ်ဇင်ဇင်ဝင်း | ပြည်သူ့ပါတီ | ၇၅၆၄ | ၂၂၃ | ၇၇၈၇ | **၁၁.၈၄%** |
| | | ဒေါ်နန်းသိင်္ဂီချစ်သန်း | တစ်သီးပုဂ္ဂလ | ၅၂၁၃ | ၂၃၈ | ၅၄၅၁ | **၈.၂၉%** |
| | | ဦးနိုင်ရဲထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၁၃ | ၁၈၅ | ၄၇၉၈ | **၇.၃၀%** |

စာမျက်နှာ ၁၄ သို့ →

# ဒီမိုကရေစီလိုလားသူ ပြည်သူများ၏ ဆန္ဒအမှန်

မင်းခန့်



ဖိအားမပါဘဲ ငြိမ်းချမ်းစွာလွတ်လွတ်လပ်လပ်မဲပေးနေသည့် ပြည်သူများအား တွေ့မြင်နေရမှု။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ အလွန်အရေးပါတဲ့ မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့တဲ့ နေ့ရက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပါတီစုံဒီမိုကရေစီကို အမှန်တကယ်လိုလားတဲ့ ပြည်သူတွေရဲ့ ဆန္ဒအမှန်တွေကို ပြတ်ပြတ်သားသား ပေါ်လွင်ထင်ရှားစွာ မြင်တွေ့ခဲ့ရတဲ့ သမိုင်းမှတ်တမ်းဝင်နေ့လို့လည်း ခေါ်ဆိုနိုင်ပါတယ်။ အဲ့ဒီနေ့ မနက်စောစောကစပြီး ညနေ နေဝင်မိုးချုပ်ချိန်အထိ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်က တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒအမှန်တွေကို အသည်းကြားက မဲတစ်ပြားနဲ့ ဖော်ထုတ်ပြသခဲ့ကြသလို သူတို့ရဲ့အနာဂတ်နဲ့တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းကောင်းများအတွက် ရွေးကောက်ခံအစိုးရတစ်ရပ်ပေါ်ပေါက်လာစေဖို့ရည်ရွယ်ပြီး ရွေးကောက်ပွဲအပိုင်း(၁)ပြုလုပ်တဲ့မဲရုံတွေဆီကို ခြေဦးလှည့်ကာ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကျေပွန်ခဲ့ကြောင်း သက်သေပြခဲ့ကြပါတယ်။

ရွေးကောက်ပွဲအပိုင်း(၁)အခြေအနေတွေဟာ အရင်ကပြုလုပ်ခဲ့တဲ့ သမားရိုးကျရွေးကောက်ပွဲအခြေအနေတွေနဲ့မတူညီဘဲ ခြိမ်းခြောက်၊ ဟန့်တား၊ နှောင့်ယှက်တိုက်ခိုက်မှုတွေကြားထဲက ပါတီစုံဒီမိုကရေစီပန်းတိုင်ကို ရှေ့ဆက်လှမ်းနိုင်ဖို့အတွက် ရလဒ်ကောင်းတွေကို ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးကိုမလိုလားသူတွေ၊ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို လိုရာဆွဲပုံဖော်ယူနေတဲ့ နိုင်ငံရေးအရေခြုံထားသူတွေအပြင် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သမားတွေရဲ့ နည်းလမ်းမျိုးစုံနဲ့ ခြိမ်းခြောက်၊ နှောင့်ယှက်မှုကို လုံးဝဂရုမစိုက်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လက်မခံနိုင်တော့တဲ့ ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒအစစ်အမှန်တွေကို ရွေးကောက်ပွဲအပိုင်း(၁)ကနေ ထုတ်ဖော်ပြသခဲ့ကြပါတယ်။

ရွေးကောက်ခံအစိုးရတစ်ရပ် ဖြစ်ပေါ်လာရင်နိုင်ငံရေးအကြောင်းပြ ကိုယ်ကျိုးရှာအတ္တသမားများအတွက် ရပ်တည်ဖို့ ခက်ခဲမှာဖြစ်သလို လက်နက်ကိုင်လမ်းစဉ်နဲ့ နယ်တစ်နယ် ဓားတစ်စင်း လုပ်ချင်တဲ့ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေအတွက်လည်း တိုင်းရင်းသား အရေးကိစ္စတွေကို တင်ပြနိုင်တဲ့ လွှတ်တော်ပေါ်ပေါက်လာပြီး ဘေးကျပ်နံကျပ်ဖြစ်မှာကိုစိုးရိမ်နေကြလို့ ရွေးကောက်ပွဲကြီး မဖြစ်ပေါ်လာစေရေး၊ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုစေရေး၊ ဝေဖန်၊ ပုတ်ခတ်၊ ခြိမ်းခြောက်၊ တိုက်ခိုက်မှုတွေကို ဘက်ပေါင်းစုံက လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ဒီလိုဘက်ပေါင်းစုံက နှောင့်ယှက်၊ တိုက်ခိုက်မှုတွေကို ဥပဒေနဲ့အညီတုံ့ပြန်ခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူတွေအတွက် လုံခြုံစိတ်ချရတဲ့အခြေအနေကို ဖန်တီးပေးခဲ့လို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဖိအားမပါဘဲ လွတ်လွတ်လပ်လပ်မဲပေးခွင့်ရတာကို မြင်တွေ့ခဲ့ကြရမှာ ဖြစ်ပါတယ်။

**ဒါ့ကြောင့် ရွေးကောက်ပွဲအပိုင်း(၁) မြင်ကွင်းကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် ပါတီစုံဒီမိုကရေစီလိုလားသူပြည်သူများက ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် မဖြစ်မနေလုပ်ရမယ့်ရွေးကောက်ပွဲလုပ်ငန်းကို အားတက်သရော လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သလို ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားများက နိုင်ငံရေးအရ တရားဝင်ရပ်တည်ပိုင်ခွင့်ရှိတဲ့ လွှတ်တော်မပေါ်ပေါက်လာစေရေးအတွက် ရွေးကောက်ပွဲကို နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားခဲ့ကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီလိုလားသူ ပြည်သူများရဲ့ဆန္ဒနဲ့ ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားများရဲ့ လုပ်ရပ်များကို ကွဲပြားစွာမြင်တွေ့ရနိုင်ပြီး ရွေးကောက်ပွဲအပိုင်း(၁)ရလဒ်များအရ အကြမ်းဖက်သမားများရဲ့ ရွေးကောက်ပွဲဆန့်ကျင်ရေးလုပ်ရပ်များကိုပြည်သူလူထုကလုံးဝလက်မခံတော့တဲ့အတွက်ကျရှုံးခဲ့ကြောင်း ထင်ရှားစွာ မြင်တွေ့ခဲ့ရပါတယ်။**

**ရွေးကောက်ပွဲအပိုင်း(၁)မြင်ကွင်းကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် ပါတီစုံဒီမိုကရေစီလိုလားသူ ပြည်သူများက ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် မဖြစ်မနေလုပ်ရမယ့် ရွေးကောက်ပွဲလုပ်ငန်းကို အားတက်သရော လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သလို ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားများက နိုင်ငံရေးအရ တရားဝင်ရပ်တည်ပိုင်ခွင့်ရှိတဲ့ လွှတ်တော်မပေါ်ပေါက်လာစေရေးအတွက် ရွေးကောက်ပွဲကိုနည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားခဲ့ကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီလိုလားသူ ပြည်သူများရဲ့ဆန္ဒနဲ့ ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားများရဲ့ လုပ်ရပ်များကို ကွဲပြားစွာမြင်တွေ့ရနိုင်ပြီး ရွေးကောက်ပွဲအပိုင်း(၁)ရလဒ်များအရ အကြမ်းဖက်သမားများရဲ့ ရွေးကောက်ပွဲဆန့်ကျင်ရေးလုပ်ရပ်များကို ပြည်သူလူထုက လုံးဝလက်မခံတော့တဲ့အတွက် ကျရှုံးခဲ့ကြောင်း ထင်ရှားစွာမြင်တွေ့ခဲ့ရပါတယ်. . .**

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်နံနက် ၆ နာရီမှာ စတင်ကျင်းပခဲ့ပါတယ်။ မဲရုံတွေဖွင့်တာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပြည်သူတွေဟာ စိတ်အားထက်သန်စွာနဲ့တန်းစီပြီး စောင့်ဆိုင်းနေကြတာကို တွေ့ရတာဟာ တကယ့်ကို ကြက်သီးထစရာပါပဲ။ အထူးသဖြင့် လူငယ်တွေပါ။ လူငယ်တွေအများကြီး ဆန္ဒမဲလာပေးကြတာကို တွေ့ရတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar က **"မဲဆန္ဒပေးတဲ့သူတွေထဲမှာ လူငယ်တွေအများအပြား တွေ့ရပါတယ်။ ဒါဟာအရမ်းကို ကောင်းမွန်တဲ့အချက်ပါ"**လို့ ချီးကျူးသွားခဲ့ပါတယ်။ ဒါ့အပြင် **"မဲပေးတဲ့အထဲမှာ လူငယ်တွေများစွာ တန်းစီပြီး မဲပေးနေတာကို ကြည့်ခြင်းအားဖြင့် ဒီနိုင်ငံရဲ့ အနာဂတ်ဟာ အတော်လှပနေပါပြီ"** လို့လည်း မှတ်ချက်ပြုခဲ့ပါတယ်။ ဒါဟာ ဘာကိုပြသနေသလဲဆိုတော့ နိုင်ငံရဲ့ လူငယ်တွေဟာ လမ်းဘေးက အကြမ်းဖက်လမ်းစဉ်ကို ဆန့်ကျင်ပြီး ဥပဒေဘောင်အတွင်းက ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးချင်နေပြီဆိုတာ သက်သေပြလိုက်တာပဲဖြစ်ပါတယ်။

အဆိုးမြင်မီဒီယာအချို့က လူငယ်တွေ ရွေးကောက်ပွဲကို ဆန့်ကျင်နေပါတယ်လို့ ပြောနေချိန်မှာ နိုင်ငံတကာလေ့လာသူတွေကတော့ လူငယ်တွေတန်းစီပြီး စိတ်အားထက်သန်စွာ မဲပေးနေကြတာကို မျက်ဝါးထင်ထင်တွေ့ခဲ့ရတာပါ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara- Ool ဆိုရင်လည်း **"တန်းစီပြီးမဲပေးဖို့မတ်တတ်ရပ်နေတာတွေ မြင်ရတာဟာ တကယ့်ကို ပြည်သူတွေက စိတ်ပါဝင်စားစွာ ကိုယ့်ရဲ့အနာဂတ်၊ ကိုယ့်ရဲ့ မှန်ကန်တဲ့ အစိုးရကို ရွေးချယ်နေတယ်ဆိုတာ ကြည့်တာနဲ့သိနိုင်ပါတယ်"**လို့ ပြောကြားခဲ့ပါတယ်။

နီကာရာဂွာ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos ကိုယ်တိုင် မြေပြင်မှာလေ့လာပြီး **"လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံပြည်သူလူထုအနေနဲ့ လုံခြုံစွာမဲပေးနေတာကို မြင်ရပါတယ်၊ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဆန္ဒအတိုင်း ပေးတာကိုတွေ့ခဲ့ရပါတယ်"** လို့သက်သေခံပြောသွားတာရှိပါတယ်။ မဲပေးနေကြတဲ့ ပြည်သူတွေရဲ့ မျက်နှာပေါ်က အပြုံးတွေ၊ တက်ကြွမှုတွေက ရွေးကောက်ပွဲကို ဖျက်ဆီးလိုသူတွေရဲ့ လုပ်ကြံသတင်းတွေကို အသံတိတ်ချေဖျက်လိုက်ပြီး အဆိုးမြင်မီဒီယာများရဲ့ အတင်းအဓမ္မဖိအားပေးမဲထည့်ခိုင်းတယ်ဆိုတဲ့ စွပ်စွဲချက်များဟာ လုပ်ကြံစွပ်စွဲချက်များသာ ဖြစ်ကြောင်း ဖော်ပြနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းက NLD အဖွဲ့ရဲ့ မဲမသမာမှုတွေနဲ့ အကြီးအကျယ် နာမည်ပျက်ခဲ့ရပြီး နိုင်ငံတကာမှာလည်း ရုပ်ပျက်ဆင်းပျက် အရှက်တကွဲ ဖြစ်ခဲ့ရတာတွေကို အတွေ့အကြုံ သင်ခန်းစာရယူခဲ့တဲ့ နိုင်ငံတော်အစိုးရဟာ ဒီတစ်ကြိမ်မှာတော့ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ အစိုးရဆန့်ကျင်ဘက်မီဒီယာတွေက ဘယ်လိုပဲစွပ်စွဲပါစေ လက်တွေ့မဲပေးခဲ့တဲ့ ပြည်သူတွေရဲ့ ရင်ထဲကစကားသံတွေကို နားထောင်ကြည့်မယ်ဆိုရင် အဖြေမှန်ကို သိရမှာပါ။ ပျဉ်းမနားမြို့က ပထမဆုံး မဲပေးဖူးတဲ့ ဆယ်ကျော်သက်အရွယ်အမျိုးသမီးငယ်လေးတစ်ယောက်ကဆိုရင် **"နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်သွားပြီလို့ ခံစားမိပါတယ်။ လူငယ်တွေအတွက် အကျိုးပြုမယ့် ခေါင်းဆောင်ကောင်းကိုလည်း အများကြီးမျှော်လင့်ထားပါတယ်"**လို့ ရင်ဖွင့်သွားပါတယ်။ ဒါဟာ လုပ်ဇာတ်ခင်းထားတဲ့ စကားလုံးတွေ မဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး တိုးတက်ဖို့အတွက် ရိုးသားစွာ မျှော်လင့်ချက်ထားပြီး မဲပေးကြတဲ့ပြည်သူတွေရဲ့ စစ်မှန်တဲ့သဘောထားတွေပါ။ သူတို့တွေဟာ လေလှိုင်းပေါ်က အဖျက်စကားတွေကို နားမယောင်ဘဲ ကိုယ့်ရဲ့ ယုံကြည်ချက်အတိုင်း မဲရုံတွေကို သွားရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒီတစ်ခေါက် ရွေးကောက်ပွဲရဲ့ ထူးခြားချက်ကတော့ ရွေးကောက်ပွဲတစ်ရပ်ရဲ့ အရေးကြီးဆုံးဖြစ်တဲ့ မဲလက်မှတ်မှားယွင်းမှုမရှိစေရေးနဲ့ မဲအရေအတွက်ကို မဲမသမာမှုတွေလုပ်လို့မရအောင် နည်းပညာနဲ့ အကာအကွယ်ပေးထားတာဖြစ်ပါတယ်။ အဆိုးမြင်မီဒီယာများက မဲမသမာမှုတွေရှိနေနိုင်တယ်လို့ သံသယဝင်အောင်လှုံ့ဆော်ရေးသားနေကြပေမယ့် တကယ်တမ်းကျတော့ ဒီရွေးကောက်ပွဲမှာ မြန်မာပညာရှင်တွေကိုယ်တိုင်ထုတ်လုပ်ထားတဲ့ Myanmar Electronic Voting Machine (MEVM)ကို အသုံးပြုခဲ့တာပါ။ ဒီစက်တွေအကြောင်းကို ဗီယက်နမ်နိုင်ငံအခြေစိုက် နီကာရာဂွာ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos က **"Electronic Voting Machine နဲ့ပတ်သက်ပြီး ကောင်းတဲ့ Idea လို့ ကျွန်တော်မြင်ပါတယ်။ ဒီစက်ကို အသုံးပြုခြင်းအားဖြင့် ပိုမိုလျင်မြန်စွာ မဲပေးနိုင်ပြီးတော့ ရလဒ်တွေကိုလည်း ပိုမိုလျင်မြန်စွာရရှိနိုင်မယ်"**လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။

**စာမျက်နှာ ၁၃ သို့** ❐

❒ **စာမျက်နှာ ၁၂ မှအဆက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှင်းပြခဲ့သလိုပဲ ဒီစက်တွေဟာ အင်တာနက်၊ Wi-Fi၊ Bluetooth ဘာနဲ့မှ ချိတ်ဆက်ထားခြင်းမရှိဘဲ Stand-alone အသုံးပြုတာဖြစ်လို့ ပြင်ပက Hack လုပ်တာ၊ နှောင့်ယှက်တာတွေ လုပ်လို့မရပါဘူး။ ဒ့ါအပြင် ပယ်မဲမရှိတော့ဘူး၊ မဲရလဒ်တွေတိကျမှန်ကန်မယ်ဆိုတဲ့ အာမခံချက်လည်း ရှိနေပြန်ပါတယ်။ ဒါဟာ ပွင့်လင်းမြင်သာမှုရှိရှိနဲ့တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ အဓိကသော့ချက်ပါပဲ။ ပြီးတော့ ရွေးကောက်ပွဲစနစ်ကိုလည်း ယခင်ကလို နိုင်သူအကုန်ယူစနစ် (FPTP) တစ်ခုတည်းမဟုတ်တော့ဘဲ အချိုးကျကိုယ်စားပြုစနစ်(PR)နဲ့ ပေါင်းစပ်ထားတဲ့ MMP စနစ်ကို ပြောင်းလဲကျင့်သုံးထားပါတယ်။ ဒီရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီ ၅၇ ပါတီက ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးတောင် ဝင်ရောက်ယှဉ်ပြိုင်နေကြတာပါ။ ဒါကိုကြည့်ရင် ဒီရွေးကောက်ပွဲဟာ အားလုံးပါဝင်နိုင်ရေးကို ဦးတည်ထားတယ်ဆိုတာ ထင်ရှားနေပါတယ်။

**ပြည်သူတွေအနေနဲ့ကလည်း ဒီမိုကရေစီရဲ့ အနှစ်သာရကို ကောင်းကောင်းနားလည် သဘောပေါက်လာကြပြီလို့ ပြောလို့ရပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လည်း မဲပေးပြီးနောက်မှာ သတင်းထောက်တွေကို ဖြေကြားသွားတာမှတ်သားစရာပါပဲ။ “ပါတီစုံဒီမိုကရေစီစနစ်လက်ခံတယ်လို့ပြောထားရင် ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ရွေးကောက်ပွဲကိုတကယ်လုပ်ဖို့ကောင်းကြောင်း၊ မဲမပေးဘူးဆိုရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ယူဆပါတယ်”လို့ပြောကြားခဲ့ပါတယ်။ အကြမ်းဖက်သမားတွေရဲ့ လှုံ့ဆော်မှုတွေကို နားယောင်ပြီး မဲမပေးသူတွေ၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီ၊ လူပုဂ္ဂိုလ်မပါဝင်လို့ တစ်ဖက်ပိတ်ပြီး မဲမပေးသူတွေဟာ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်နဲ့ ရပိုင်ခွင့်တွေကို နားမလည်သူများသာဖြစ်ပါတယ်။**

အခုရွေးကောက်ပွဲအပိုင်း(၁)မှာ နိုင်ငံရေးရေချိန်နိမ့်ပါးလို့ မဲပေးပိုင်ခွင့်ရှိသူများထဲက မဲလာမပေးသူများရှိနိုင်သလို အကြမ်းဖက်သမားများရဲ့ ခြိမ်းခြောက်မှုတွေကြောင့် အသက်အန္တရာယ်ကိုစိုးရိမ်ပြီး မဲလာမပေးသူများလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း **ရွေးကောက်ပွဲကော်မရှင်ရဲ့ထုတ်ပြန်ချက်အရ No Vote လုပ်သူများထက် ခြိမ်းခြောက်မှု၊ ဟန့်တားမှုများကြားကနေ မဲလာပေးသူများ ရာခိုင်နှုန်းပိုမိုများပြားနေခြင်းဟာ တည်ငြိမ်အေးချမ်းရေးကို လိုလားနေတဲ့ ပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ထင်ရှားစွာပြသနေခြင်းဖြစ်ပါတယ်။**

**ထင်ရှားတဲ့အချက်တစ်ချက်ကတော့ အဖျက်သမားတွေရဲ့ No Vote လှုပ်ရှားမှုတွေဟာ လက်တွေ့မှာ သူတို့မျှော်လင့်သလို ဖြစ်မလာဘဲ ရွေးကောက်ပွဲက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးဆုံးသွားခဲ့သလို၊ ဆန့်ကျင်သူတွေရဲ့ ရှုံးနိမ့်မှုကိုသာ မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားပါတယ်။ No Vote လုပ်လိုက်တာက ကိုယ့်အတွက် အမြတ်ထွက်တာလား ဒါမှမဟုတ် ရွေးချယ်ခွင့်ရှိနေတုန်းမှာ နိုင်ငံကိုအကျိုးပြုနိုင်မယ့်ပါတီကို မဲထည့်ပြီး ရွေးချယ်လိုက်တာက အမြတ်လားဆိုတာ ပြည်သူတွေအနေနဲ့ သေချာချင့်ချိန်စဉ်းစားကြဖို့ အချိန်ရောက်ပါပြီ။ အပိုင်း(၁) ကတော့ ပြီးသွားပြီဆိုပေမယ့် အချိန်မနှောင်းသေးပါဘူး။ ကျန်ရှိနေသေးတဲ့ ရွေးကောက်ပွဲ အပိုင်း(၂)နဲ့ အပိုင်း(၃)တွေမှာ ဆန္ဒမဲထည့်ဝင်ဖို့ အကျုံးဝင်နေသေးတဲ့ ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲအပိုင်း (၁) က အခြေအနေတွေကို နမူနာယူပြီး မိမိတို့နှစ်သက်ရာပါတီနဲ့ ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အတူတကွပါဝင်လျှောက်လှမ်းကြဖို့အခွင့်အရေးရှိနေပါသေးတယ်။ ဒါကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ဆန္ဒအမှန်တကယ်ရှိတဲ့ နိုင်ငံသားကောင်းတွေအနေနဲ့ နိုင်ငံရေးမှိုင်းမိပြီး ကိုယ့်အခွင့်အရေးကို အဆုံးရှုံးမခံဘဲ ဆန္ဒမဲပေးကြဖို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။**

ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သက်ဝင်ယုံကြည်ပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်အစား နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းလိုတဲ့ နိုင်ငံရေးသမားတွေကို ရွေးကောက်ပွဲမဝင်နဲ့ဆိုပြီး ခြိမ်းခြောက်တာတွေ၊ ပါတီရုံးတွေကို ဗုံးခွဲတာတွေ၊ မဲရုံဧရိယာကို ဒရုန်းနဲ့ဗုံးကြဲတာတွေ၊ မဲလာပေးမယ့် ပြည်သူတွေ စိုးရိမ်ကြောက်လန့်သွားအောင် မဲပေးရမယ့် မနက်ပိုင်းမှာ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနဲ့ မြို့ရွာများကို ပစ်ခတ်တိုက်ခိုက်ခဲ့မှုတွေဟာ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများရဲ့ နိုင်ငံသားတစ်ယောက်ရပိုင်ခွင့်ကို နှောင့်ယှက်တိုက်ခိုက်တာဖြစ်လို့ ဒီအကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေကသာ လူ့အခွင့်အရေးချိုးဖောက်မှု အစစ်အမှန်ပဲဖြစ်ပါတယ်။

ပြည်သူအများ လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရေး မဖြစ်မနေဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဝေဖန်၊ တိုက်ခိုက်၊ ဆန့်ကျင်နေတဲ့အဖွဲ့အစည်းများနဲ့ ရွေးကောက်ပွဲကြီး မပျက်ပျက်အောင် နည်းမျိုးစုံနဲ့ ဖျက်ဆီးနေကြတဲ့ အကြမ်းဖက်သမားတွေရှိသလို ဒီမိုကရေစီရဲ့အနှစ်သာရကို နားလည်ပြီး မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ နိုင်ငံပေါင်း ၉ နိုင်ငံ၊ ပြည်တွင်းအခြေစိုက်သံရုံး ၁၄ ရုံးမှလေ့လာစောင့်ကြည့်သူများအပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ ၁၃၉ ဦးဟာ မြန်မာ့မြေပေါ်ကို ကိုယ်တိုင်လာရောက်ပြီး ရွေးကောက်ပွဲကို စောင့်ကြည့်ခဲ့ကြပါတယ်။ ဒ့ါအပြင် နိုင်ငံတကာသတင်းမီဒီယာ ၆၁ ခုမှ သတင်းသမား ၂၁၅ ဦးနဲ့ ပြည်တွင်းသတင်းမီဒီယာ ၅၂ ခုမှ သတင်းသမား ၁၁၇၇ ဦးတို့ကလည်း နိုင်ငံတော်အစိုးရရဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ ရွေးကောက်ပွဲမှာ တက်ရောက်သတင်းရယူခဲ့ကြပါတယ်။ သူတို့ရဲ့ စောင့်ကြည့်လေ့လာမှု မှတ်ချက်ပြုပြောဆိုချက်များဟာ သိက္ခာရှိတဲ့ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုနိုင်ရေး လုံလောက်တဲ့သက်သေများပဲဖြစ်ပါတယ်။

အပိုင်း(၁) ရွေးကောက်ပွဲဟာ လွတ်လပ်ပွင့်လင်းမှုနဲ့ တရားမျှတမှုရှိတယ်ဆိုတာကို ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေကအစ အသိအမှတ်ပြု လက်ခံပေးကြတာကလည်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဆိုရင် **“ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲအပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်”**လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဘယ်လာရုစ်လွှတ်တော်အမတ် Mr. Shpakouski Aliaksandr ကလည်း **“ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေးလုပ်ငန်းစဉ်ရဲ့ တစ်ခုတည်းသော မှန်ကန်တဲ့လမ်းစဉ်ဖြစ်ကာ အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုမှာသန့်ရှင်းသောယှဉ်ပြိုင်မှုဖြစ်တယ်လို့ ကျွန်ုပ်တို့ယုံကြည်ပါတယ်”**လို့ အတိအလင်းပြောကြားခဲ့ပါတယ်၊ ဒါတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းမှန်ကို အသိအမှတ်ပြုနေတယ်ဆိုတဲ့ သက်သေတွေပါပဲ။

**နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲအပေါ်အမြင်သဘောဆောင်လာတဲ့အထဲမှာ အမေရိကန်နိုင်ငံရဲ့ မူဝါဒပြောင်းလဲလာမှု အရိပ်အယောင်တွေကလည်း ထူးခြားမှုတစ်ခုအနေနဲ့ ပါဝင်လာပါတယ်။ Real Clear Defense မှာ အမေရိကန်အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးက ယခုကျင်းပမယ့် ရွေးကောက်ပွဲဟာ ဆယ်စုနှစ်များစွာကြာ ရပ်တန့်နေခဲ့တဲ့ အမေရိကန် – မြန်မာ ဆက်ဆံရေးကို ပြန်လည်ညှိနှိုင်းပုံဖော်ဖို့ အခွင့်အလမ်းတစ်ရပ် ဖြစ်လာနိုင်တယ်လို့ ဆိုထားပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Rubio ကိုယ်တိုင်ကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်ရဲ့ တရားမျှတမှု၊ ဒီမိုကရေစီတန်ဖိုး စတာတွေနဲ့ပတ်သက်ပြီး အမြင်သဘောထားထုတ်ဖော်ပြောကြားခြင်းကို ရှောင်ရှားမယ်လို့ ဆိုထားတာကြောင့် အမေရိကန်နိုင်ငံအနေနဲ့ အရင်လို ပိတ်ဆို့အရေးယူတာထက် မြန်မာနိုင်ငံရဲ့ မဟာဗျူဟာမြောက်အရေးပါမှု အပေါ် မူတည်ပြီး လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်ဖို့ ဦးလှည့်လာမယ့် အလားအလာတွေကို တွေ့မြင်နေရပြီဖြစ်ပါတယ်။**

ဒါကြောင့် အကြမ်းဖက်သမားတွေအနေနဲ့ လူမှုကွန်ရက်မီဒီယာတွေကနေပြီး ဘယ်လိုပဲ ခြိမ်းခြောက်နေပါစေ၊ မြန်မာပြည်သူတွေကတော့ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ဖန်တီးဖို့ ဆုံးဖြတ်ချက် ခိုင်မာနေပြီဆိုတာ ရွေးကောက်ပွဲအပိုင်း(၁) မြင်ကွင်းတွေက သက်သေပြလိုက်ပါပြီ။ **ဒီဇင်ဘာလ ၂၈ ရက်မနက်ခင်းမှာ မြင်တွေ့ခဲ့ရတဲ့ မဲရုံဆီသို့ ဦးတည်ခဲ့ကြတဲ့ ပြည်သူတွေရဲ့ ခြေလှမ်းတွေဟာ ရိုးရှင်းတဲ့လမ်းလျှောက်ခြင်းသက်သက်မဟုတ်ပါဘူး။ သူတို့ခြေလှမ်းတိုင်းဟာ အကြမ်းဖက်လမ်းစဉ်နဲ့ အဖျက်အမှောင့်လုပ်ရပ်များကို ပြတ်ပြတ်သားသားငြင်းပယ်ပြီး တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုကို လိုလားကြောင်း ကမ္ဘာသိအောင်သက်သေပြလိုက်တဲ့ သမိုင်းဝင်ခြေလှမ်းများပဲဖြစ်ပါတယ်။**

အခုဆိုရင် ရွေးကောက်ပွဲအပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးတော့လည်း အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှာ မြို့နယ် ၁၀၀ နဲ့ အပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်မှာ မြို့နယ် ၆၃ မြို့နယ်တို့တွင် ဆက်လက်ကျင်းပသွားဦးမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီး ပြီးဆုံးသွားတာနဲ့ လွှတ်တော်အသစ်ပေါ်လာမယ်၊ အစိုးရအသစ်ဖွဲ့စည်းနိုင်မယ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဖော်ဆောင်နိုင်မယ်လို့ ပြည်သူအားလုံးက ယုံကြည်မျှော်လင့်နေကြပါတယ်။

**မဲပေးခြင်းဟာ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးတင်မကဘဲ တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ မဲပေးခဲ့ကြတဲ့ ပြည်သူ**တစ်ဦးချင်းစီရဲ့ လက်သန်းက မင်ရောင်တွေဟာ ဒီမိုကရေစီအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ခဲ့ခြင်းရဲ့ ဂုဏ်ယူစရာ သင်္ကေတတွေပါပဲ။ ပြည်သူတစ်ဦးချင်းစီရဲ့ မဲလက်မှတ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးမယ့် အုတ်မြစ်များဖြစ်သလို မဲရုံဆီသို့လှမ်းချီခဲ့တဲ့ ခြေလှမ်းတိုင်းဟာလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ဦးတည်နေတာ အသေအချာပါပဲ။ ဒါကြောင့် ကျန်ရှိနေသေးတဲ့ရွေးကောက်ပွဲ အပိုင်း (၂)နဲ့ အပိုင်း (၃) မှာလည်း မိမိတို့ရဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ ခိုင်မာပြတ်သားတဲ့ခြေလှမ်းများနဲ့အတူ မဲရုံတွေဆီသို့ ဆက်လက်ချီတက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

**ထင်ရှားတဲ့အချက်တစ်ချက်ကတော့ အဖျက်သမားတွေရဲ့ No Vote လှုပ်ရှားမှုတွေဟာ လက်တွေ့မှာ သူတို့မျှော်လင့်သလိုဖြစ်မလာဘဲ ရွေးကောက်ပွဲက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးဆုံးသွားခဲ့သလို၊ ဆန့်ကျင်သူတွေရဲ့ ရှုံးနိမ့်မှုကိုသာ မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားပါတယ်။ No Vote လုပ်လိုက်တာက ကိုယ့်အတွက် အမြတ်ထွက်တာလား ဒါမှမဟုတ် ရွေးချယ်ခွင့်ရှိနေတုန်းမှာ နိုင်ငံကိုအကျိုးပြုနိုင်မယ့်ပါတီကိုမဲထည့်ပြီး ရွေးချယ်လိုက်တာက အမြတ်လားဆိုတာ ပြည်သူတွေအနေနဲ့ သေချာချင့်ချိန်စဉ်းစားကြဖို့ အချိန်ရောက်ပါပြီ။ အပိုင်း(၁)ကတော့ ပြီးသွားပြီဆိုပေမယ့် အချိန်မနှောင်းသေးပါဘူး။ ကျန်ရှိနေသေးတဲ့ ရွေးကောက်ပွဲ အပိုင်း(၂)နဲ့ အပိုင်း(၃)တွေမှာ ဆန္ဒမဲထည့်ဝင်ဖို့ အကျုံးဝင်နေသေးတဲ့ ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲအပိုင်း(၁)က အခြေအနေတွေကို နမူနာယူပြီး မိမိတို့နှစ်သက်ရာပါတီနဲ့ ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အတူတကွပါဝင်လျှောက်လှမ်းကြဖို့ အခွင့်အရေးရှိနေပါသေးတယ်။ ဒါကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ဆန္ဒအမှန်တကယ်ရှိတဲ့ နိုင်ငံသားကောင်းတွေအနေနဲ့ နိုင်ငံရေးမှိုင်းမိပြီး ကိုယ့်အခွင့်အရေးကို အဆုံးရှုံးမခံဘဲဆန္ဒမဲပေးကြဖို့ အလေးအနက်ထားတိုက်တွန်း . . .**

**မဲပေးခြင်းဟာ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးတင်မကဘဲ တာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ မဲပေးခဲ့ကြတဲ့ ပြည်သူတစ်ဦးချင်းစီရဲ့ လက်သန်းက မင်ရောင်တွေဟာ ဒီမိုကရေစီအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ခဲ့ခြင်းရဲ့ ဂုဏ်ယူစရာ သင်္ကေတတွေပါပဲ။ ပြည်သူတစ်ဦးချင်းစီရဲ့ မဲလက်မှတ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးမယ့် အုတ်မြစ်များဖြစ် . . .**

➜ စာမျက်နှာ ၁၁ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဒေါ်ထက်ထက်လင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၂၃ | ၁၆၉ | ၃၉၉၂ | ၆.၀၇% |
| | | ဦးကံစိန် | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၃၆၃၀ | ၁၀၆ | ၃၇၃၆ | ၅.၆၈% |
| | | ဦးစိုးစိုးမင်း | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၆၈၅ | ၇၆ | ၂၇၆၁ | ၄.၂၁% |
| ၄၈ | မိတ္ထီလာ | | | ၁၂၇၈၃၆ | ၁၀၇၁၉ | ၁၃၈၅၅၅ | |
| | | ဦးအောင်ကျော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၇၀၀ | ၈၉၇၇ | ၇၅၆၇၇ | ၅၄.၆၂% |
| | | ဦးလင်းထင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၅၄၇ | ၄၃၄ | ၁၆၉၈၁ | ၁၂.၂၆% |
| | | ဦးထိန်လင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၀၂ | ၃၅၈ | ၁၁၄၆၀ | ၈.၂၇% |
| | | ဒေါ်အေးနန္ဒာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၀၄၆ | ၄၂၂ | ၁၀၄၆၈ | ၇.၅၆% |
| | | ဦးအောင်ညီညီဝင်း | ပြည်သူ့ပါတီ | ၁၀၀၁၈ | ၂၅၅ | ၁၀၂၇၃ | ၇.၄၁% |
| | | ဦးရဲနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၄၇ | ၁၈၉ | ၈၂၃၆ | ၅.၉၄% |
| | | ဦးသိန်းဇော် | မျိုးဆက်သစ်ဝံသာနုပါတီ | ၅၃၇၆ | ၈၄ | ၅၄၆၀ | ၃.၉၄% |
| ၄၉ | ပျော်ဘွယ် | | | ၁၁၃၈၉၄ | ၁၀၀၉၇ | ၁၂၃၉၉၁ | |
| | | ဦးအောင်နိုင်ညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၉၃၃ | ၇၅၂၅ | ၆၄၄၅၈ | ၅၁.၉၈% |
| | | ဦးထွန်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၂၀ | ၈၂၀ | ၁၇၇၄၀ | ၁၄.၃၁% |
| | | ဦးကျော်ဇေယျာအောင် | ပြည်သူ့ပါတီ | ၁၃၁၂၃ | ၄၃၁ | ၁၃၅၅၄ | ၁၀.၉၃% |
| | | ဦးဂျိုးဇက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၁၄၃ | ၄၀၉ | ၈၅၅၂ | ၆.၉၀% |
| | | ဦးသိန်းငွေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၇၁၄ | ၅၇၈ | ၈၂၉၂ | ၆.၆၉% |
| | | ဦးသုမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၇၈၈ | ၂၀၉ | ၆၉၉၇ | ၅.၆၄% |
| | | ဦးမင်းအောင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၄၂၇၃ | ၁၂၅ | ၄၃၉၈ | ၃.၅၅% |
| ၅၀ | ရမည်းသင်း | | | ၁၀၅၉၁၁ | ၈၆၁၉ | ၁၁၄၅၃၀ | |
| | | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၃၇၅ | ၆၁၆၅ | ၅၄၅၄၀ | ၄၇.၆၂% |
| | | ဦးညွန့်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၅၀ | ၉၃၃ | ၁၉၆၈၃ | ၁၇.၁၉% |
| | | ဦးမျိုးမင်းထိုက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၂၃၇ | ၅၆၅ | ၁၃၈၀၂ | ၁၂.၀၅% |
| | | ဦးစည်သူကျော် | ပြည်သူ့ပါတီ | ၁၀၄၅၈ | ၃၆၈ | ၁၀၈၂၆ | ၉.၄၅% |
| | | ဦးဇော်လတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၄၂၄ | ၃၅၅ | ၆၇၇၉ | ၅.၉၂% |
| | | ဒေါ်အေးအေးခိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၆၇ | ၁၅၁ | ၅၆၁၈ | ၄.၉၁% |
| | | ဦးရဲဝင်းကျော် | မျိုးဆက်သစ်ဝံသာနုပါတီ | ၃၂၀၀ | ၈၂ | ၃၂၈၂ | ၂.၈၆% |
| ၅၁ | အောင်မြေသာစံ | | | ၇၈၅၉၁ | ၆၄၅၄ | ၈၅၀၄၅ | |
| | | ဦးမျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၁၈၅ | ၅၁၂၅ | ၃၃၅၁၀ | ၃၉.၄၀% |
| | | ဦးဇော်ဇော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၆၅၄ | ၃၅၉ | ၁၄၀၁၃ | ၁၆.၄၈% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၇၉၆ | ၂၂၈ | ၉၀၂၄ | ၁၀.၆၁% |
| | | ဦးအေးလွင် | ပြည်သူ့ပါတီ | ၈၇၅၈ | ၁၃၅ | ၈၈၉၃ | ၁၀.၄၆% |
| | | ဦးထိန်လင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၈၅ | ၁၃၄ | ၇၄၁၉ | ၈.၇၂% |
| | | ဦးသီဟ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၅၆ | ၁၂၆ | ၇၁၈၂ | ၈.၄၅% |
| | | ဦးမြင့်သိန်း | မျိုးဆက်သစ်ဝံသာနုပါတီ | ၄၈၅၇ | ၁၄၇ | ၅၀၀၄ | ၅.၈၈% |

## ဇာနည်သားကောင်း

✦ ကမ္ဘာတည်
ဘာမထီ ဇာနည်ဘွား။
အမျိုးဂုဏ် မပျက်ရေးကိုလ
အသက်ပေးသွား။

✦ ဒို့တာဝန်အရေးသုံးပါး
လေးစားလို့ဆောင်ရွက်သည်
ဘဝရပ်တည်။
ဖြူနုလုံး အပြီးခေတ်ကြည်
အမုန်းသတ်မည် စိတ်ထားမြတ်။
ရန်သူဆို ဒူးမထောက်
ထိုးဖောက်ကျော်ဖြတ်။

✦ တို့တိုင်းပြည် အနာဂတ်ကိုလ
အခါမလပ် စောင့်ရှောက်နေ။
ပြည်ဖျက်ရန် မိစ္ဆာယုတ်
တိုက်ထုတ်ခဲ့ပေ။
မျှတမှုအတွက် ကြံတွေးသလေ
ရန်ဘေးတွေ မလိုအပ်။
တို့နိုင်ငံ ဂုဏ်သမိုင်း
မရိုင်းဖို့ ကြေးကြော်ကာ
အတွေးတော်စွာ ကာကွယ်မနေးတယ်
ရဲသွေးမရပ်။ ။

**ဈာန်လေး(ပညာရေး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုယက်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သဲဖြူ-မဟာမြိုင်-ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနဆရာတော်က ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်း၊ မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စက္ကူအလင်း ကျန်းမာရေးအလှူတော်ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၆

သဲဖြူ-မဟာမြိုင်-ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနဆရာတော် သီရိပျံချီဒေါက်တာဘဒ္ဒန္တပညာဇောတက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား၊ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ သဲဖြူ-မဟာမြိုင်-ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနဆရာတော်ကြွရောက်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သဲဖြူ-မဟာမြိုင်-ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာ ... သင်္ဂဟတရားတော်များ နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



သဲဖြူ-မဟာမြိုင်-ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနဆရာတော်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်အတူ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။

ယင်းနောက် ဆရာတော်ကြီးက တိုင်းမှူးနှင့်အတူ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိရောဂါအတွက်ကုသမှုခံယူနေသည့် ပြည်သူများအား စက္ခုအလင်း ကျန်းမာရေးအလှူတော် သွားရောက်လှူဒါန်းပြီး လူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုင်းပန်မြို့တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် မိုင်းပန်မြို့တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ်။

နေပြည်တော် ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့ ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် အစည်းဝေးခန်းမ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များစုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ပြုလုပ်ရန် ပြင်ဆင်ထားရှိမှုနှင့် မဲရုံမီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲပေးရာတွင် ကြန့်ကြာမှုမရှိစေရေး အဆိုင်း(၂)ဆိုင်းခွဲ၍ ကွန်ပျူတာ TABLET စနစ်များဖြင့် လွယ်ကူလျင်မြန်စွာ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများအား ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း လျာထားမဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုင်းရယ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ မဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လားရှိုး)မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများအား အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါမြို့ရှိ နမ့်ရယ်ခန်းမတွင် မဲပေးစက်များထိန်းသိမ်းထားရှိမှု၊ ရပ်ကွက်များရှိ မဲရုံများအား သွားရောက်ကြည့်ရှု၍ မဲပေးစက်များ ပြင်ဆင်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး မဲပေးစက်များ ထိန်းသိမ်းထားရှိမှုနှင့် မဲပေးစက်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ၆-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## MWD Education, Knowledge & Sports Channel

၇-၁-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ – ၀၈:၄၀ Grade – 7 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၄:၀၀ – ၁၅:၀၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာ(သင်္ချာဘာသာရပ်)
၃။ ၁၅:၃၀ – ၁၈:၃၅ Grade – 7 အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၄။ ၁၈:၃၅ – ၁၉:၂၅ Grade – 7 သင်္ချာ(၂)၊ ပထဝီဝင်
၅။ ၁၉:၂၅ – ၂၀:၂၀ Grade – 7 သမိုင်း၊ သိပ္ပံ

# အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံဆွေးနွေး




နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီလ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်လာရောက်သည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းကို ကြိုဆိုထောက်ခံကြောင်းပြောကြားပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) အောင်မြင်စွာကျင်းပပြီးစီးမှုအခြေအနေနှင့်ရွေးကောက်ပွဲအပိုင်း(၂)နှင့်အပိုင်း(၃) တို့ကို အောင်မြင်စွာဆက်လက်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ သာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဖိလစ်ပိုင်နိုင်ငံသားများအပါအဝင် အွန်လိုင်းလိမ်လည်မှုတွင်ပါဝင်သည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့်နှစ်(၇၀)ကာလအတွင်း ကောင်းမွန်သည့်ဆက်ဆံရေးကို တည်ထောင်ထားရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် အပြန်အလှန် အားပေးကူညီမှုများရှိခဲ့ကြောင်း၊ မကြာသေးမီက မန္တလေးငလျင်နှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့စေလွှတ်၍ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ရန်ကုန်မြို့ရှိ ဖိလစ်ပိုင်သံရုံးမှ ကိုယ်စားလှယ်များ စေလွှတ်ပေးခဲ့မှုနှင့် ရွေးကောက်ပွဲကို စနစ်တကျ အောင်မြင်စွာကျင်းပနေမှုအား အသိအမှတ်ပြုပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက်ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာ၌ အာဆီယံဥက္ကဋ္ဌနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များကို သိရှိမှတ်သားရကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ၎င်း၏ ခရီးစဉ်သည် အာဆီယံဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက စတင်တာဝန်ယူပြီးနောက် ပထမဆုံးလာရောက်သည့် မိတ်ဆက်ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဆက်လက်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုမှတစ်ဆင့် လူကုန်ကူးခံရသည့် ဖိလစ်ပိုင်နိုင်ငံသားများကို ကယ်တင်၍ ပြန်လည်လွှဲပြောင်းပေးသည့်အတွက် မြန်မာအစိုးရအား ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်သည့် ကဏ္ဍများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နေပြည်တော်ရှိ Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၆)ဖွင့်လှစ်



နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများသည် ဥပဒေအသိပညာရှိသင့်ကြောင်း၊ အနည်းဆုံး ဥပဒေဒီပလိုမာရသင့်ကြောင်း လမ်းညွှန်မှုပြုသဖြင့် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများအား ဥပဒေရေးရာဝန်ကြီးဌာနတွင် မှတ်တမ်းထားသကဲ့သို့ ယခင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ပြီး ယခုအခါ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၂၅ မှ ၂၀၂၉ အထိ **“ပြည်သူ့အတွက်တည်ဆောက်လျက် ဥပဒေယုံကြည်ချက်”** “Building Legal Trust For The People” ဟူသည့်မဟာဗျူဟာအရ ဥပဒေအသိပညာပြန့်ပွားရေးဆိုသည့် အချက်သည် အဓိကဆောင်ရွက်သည့်အချက်ဖြစ်ကြောင်း၊ လူတိုင်းဥပဒေအသိပညာပြန့်ပွားရမည်၊ အထူးသဖြင့် နိုင်ငံတော်၏ အဆင့်မြင့်တာဝန်ထမ်းဆောင်နေသည့် အရာရှိကြီးများသည် ဥပဒေအသိပညာရှိရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တရားဥပဒေစိုးမိုးရေးထဲမှ အဓိကကျသည့် အညွှန်းကိန်း Index အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ Grade–11 / 12 ကျောင်းသား၊ ကျောင်းသူများကအစ ဥပဒေအသိပညာရှိစေရေးအတွက် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲပြီး ဆရာ၊ ဆရာမများအား Training of Trainner သင်တန်းများ ပို့ချဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၆) သို့ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်မှ မတ်လ ၂၆ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ ကျင်းပသည့် တောင်သူတွေ့ဆုံပွဲနှင့် နည်းပညာသစ် စက်ကိရိယာများဖြင့် ကွင်းသရုပ်ပြပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနနှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေး အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပိုက်ဆန်လျှော်(သစ်စိမ်းမြေသြဇာ)များနှင့် နေပြည်တော်ကောင်စီဝင်များက နေကြာမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြပြီး နည်းပညာသစ် စက်ကိရိယာများဖြင့် မြေဆီလွှာပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် စစ်မှုထမ်းဟောင်း(ရုံးချုပ်)အနီး ရွှေရောကုမ္ပဏီမှ ဩစတြေးလျမျိုး၊ ဂျာမနီမျိုး၊ တရုတ်မျိုး၊ အိန္ဒိယမျိုး နေကြာ ၄ မျိုး ယှဉ်ပြိုင်စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် ရွှေပြည်တော်ဝင်လမ်း H-1 လမ်းအား နှစ်လမ်းသွား ကွန်ကရစ်လမ်းမှ ၄၈ ပေအကျယ် ၄ လမ်းသွား ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်း၊ လမ်းလယ်ကျွန်းနှင့် အောက်ခံကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလိုက်လက်ယာမြောင်းမကြီး RD-9700' ta 11200 အတွင်း တူးမြောင်းကြမ်းခင်းများ နိမ့်ကျပျက်စီးခြင်းနှင့် ကျောက်လိုင်နင်ပျက်စီးနေမှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယမန်နေ့ညနေပိုင်းကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဥတ္တရသီရိမြို့နယ် တပ်ကုန်း(အမှတ်-၁)လမ်း လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၆

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) အား နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၁၀၂ မြို့နယ်များရှိမဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့မှုမှာ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပနေချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများနှင့် မီဒီယာအဖွဲ့အစည်းများက လာရောက်လေ့လာကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား မလိုလားသည့်အကြမ်းဖက်သမားများက ဆန္ဒမဲပေးခဲ့သည့်ပြည်သူများ ဆန္ဒမဲမပေးနိုင်ရန်အတွက် နှောင့်ယှက်ဟန့်တားခြိမ်းခြောက်ပစ်ခတ်တိုက်ခိုက်မှုအချို့ ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့်အပိုင်း(၃)တို့တွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာလုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပပြုလုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့်အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်သော လုံခြုံရေးဆိုင်ရာအစီအမံများကို ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသည့်အတိုင်း ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်များအတွက် ဇန်နဝါရီလ ၉ ရက် ည ၁၂ နာရီအချိန်မှစ၍ လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များအတွက် ဇန်နဝါရီလ ၂၃ ရက် ည ၁၂ နာရီအချိန်မှစ၍ လည်းကောင်း ရွေးကောက်ပွဲကျင်းပပြီးသည့် အချိန်အထိ ရပ်နားထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်သည့်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တိကျစွာလိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဇန်နဝါရီလ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့် ဇန်နဝါရီလ ၂၅ ရက်တွင် အပိုင်း(၃) တို့ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအပိုင်း(၁)၌ တွေ့ကြုံခဲ့ရသည့် မဲပေးစက်ပိုင်းဆိုင်ရာအားနည်းချက်များ၊ လုံခြုံရေးဆိုင်ရာအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး မဲပေးစက်အသုံးပြုခြင်းဆိုင်ရာအသိပညာပေးခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့များ လုံလောက်စွာထားရှိနိုင်ရေး၊ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် လုံခြုံရေးစီမံချက်များပါအတိုင်း အင်အားဖြည့်တင်း၍ ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအားဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်အထိပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၂၄၀ တွင် တရားခံအမျိုးသား ၂၇၅ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၃၃၅ ဦး ရှိခဲ့ပြီး ဆက်လက်၍ ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် စီမံဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ည ၁၁ နာရီ ၁၀ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ ပထမအတွင်းဝန်/ကောင်စစ်ဝန် Mr.Alan Roi Q.Galoriola၊ စစ်သံမှူး Col. Jose P.Navarro , Jr နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။



မြဝတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **" ပြည်သူကို ဖမ်းဆီး ငွေညှစ် စားပြတိုက်နေတဲ့ PDF စားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ၇-၁-၂၀၂၆ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၄-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကိုကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသော ပြည်သူများ၏ငြိမ်းချမ်းသောအနာဂတ်ခရီး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက်၁၀ နာရီအချိန်မှ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၈၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing receives delegation led by Special Envoy of ASEAN Chair to Myanmar Secretary of Foreign Affairs of the Philippines

NAY PYI TAW January 6

A delegation led by Special Envoy of ASEAN Chair to Myanmar Secretary of Foreign Affairs of the Philippines H.E. Ms. Maria Theresa Parreno Lazaro paid a courtesy call on Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing at the parlour of Office of the National Defence and Security Council here this afternoon.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe and Union Minister for Social Welfare, Relief and Resettlement Dr Soe Win. The special envoy was accompanied by officials of the Embassy of the Philippines in Myanmar.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing holds talks with Special Envoy H.E. Ms. Maria Theresa Parreno Lazaro.



Senior General Min Aung Hlaing shakes hands with Special Envoy H.E. Ms. Maria Theresa Parreno Lazaro.

At the call, views on the best cooperative efforts exerted by Myanmar in the ASEAN, improving diplomatic relations between Myanmar and Philippines, the inevitable assumption of the duties of the State due to the attempts to illegally grab the State power after the erroneous election in 2020, Myanmar's latest political developments, preparations to hold a free and fair election and to compile a correct voter list, successful holding of the first phase of the election on 28 December 2025, and the holding of the Phase 2 and Phase 3 of the election in the remaining townships, the monitoring of the Phase 1 by international observers and the involvement of the Philippines in the task, positive remarks in connection with the election, the objective of the election that was to safeguard the democratic rights of the entire Myanmar people, promotion of cooperation in political, economic and trade sectors between Myanmar and Philippines, Myanmar's efforts to further promote its cooperation in the ASEAN till reaching its climax were cordially exchanged.

After the call, the Senior General and the special envoy exchanged commemorative gifts and posed for documentary photos together with the attendees. **100**

# Mr. Abdelmadjid Tebboune, President of the People's Democratic Republic of Algeria, sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

I am pleased, as the Republic of the Union of Myanmar celebrates its National Day, to offer your esteemed person my most sincere congratulations and heartfelt wishes for good health and happiness, and your friendly people further progress and advancement, while reiterating our readiness to work towards the enhancement of the existing relations of friendship and cooperation between our two countries, and their upgrading to a broader level, so as to serve the supreme interests of our friendly countries.

Please accept, Your Excellency, the assurances of my highest consideration.

# Pwintbyu Township plants more than 200 acres of vegetables as cold season crops

PWINTBYU January 6

Pwintbyu Township Agriculture Department of Magway Region stated that local farmers have planted 284 acres of vegetables as cold season crops in the township.

In Pwintbyu Township, it is planned to cultivate 1,745 acres of vegetables during this year's winter crop season, and cultivation began in October. As of now, 284 acres have been planted. The Township Agriculture Department, in cooperation with local farmers, is making efforts to meet the planned target, according to reports.

"This winter crop season, our plan for Pwintbyu Township is to grow vegetables on 1,745 acres, and as of today, cultivation has been completed on 284 acres. We will continue efforts to meet the full target. To ensure food safety, we are encouraging farmers to grow vegetables under the "Good Agricultural Practices (GAP) system, with minimal use of chemical fertilizers. We are also providing necessary technical support and guidance," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this winter crop season, the Township Agriculture Department has been helping vegetable farmers to expand their cultivation areas, increase yields, and apply the GAP system correctly by conducting technical training courses and awareness programmes on proper cultivation methods and pest and disease prevention.

Daw Moe Moe Wai added that if vegetables are cultivated with good yields and quality, it would be sufficient to meet local consumption needs, and the surplus could be sold for income, thereby improving the livelihoods and socio-economic status of local residents. Therefore, efforts are being made to further expand vegetable cultivation in the township.

**SMK**

# All plantations of maize harvested in ChaungU Township

CHAUNGU January 6

Local farmers have so far reaped all sown acreage of maize and sweet corns in ChaungU Township of Sagaing Region, according to the township Agriculture Department.

In ChaungU Township, a total of 1,397 acres of maize were cultivated during this year's monsoon crop season — 92 acres of seed maize and 1,305 acres of sweet corn. Harvesting began in October, and as of now, it is reported that all cultivated fields have been harvested. The maize yielded an average of 43.35 baskets per acre, while the sweet corn produced over 15,000 ears per acre.

"This year, a total of 1,397 acres of seed maize and sweet corn were cultivated in ChaungU Township. All of the maize fields have now been fully harvested. To ensure successful and healthy production, we provided awareness programmes and guidance to help farmers prevent pest and disease infestations," said U Tint Shwe, Head of the ChaungU Township Agriculture Department.

During this year's season, the Township Agriculture Department supported maize farmers by conducting training courses, field demonstrations, and awareness programmes on pest and disease prevention, integrated crop protection, and the proper use of biological and chemical pesticides, including Neem-based solutions and pest management for ginger and chili crops.

In ChaungU Township, the average yield of seed maize was over 50 baskets



per acre, with a production cost of around Ks-500,000 per acre. For sweet corn, yields averaged 15,000 ears per acre, with production costs also exceeding Ks-500,000 per acre.

**SMK**

# Merchants supply dried mackerel to Yangon market



PYAPON January 6

"Local merchants of fisheries industry in Pyapon Township of Ayeyawady Region dispatched a large volume of dried mackerel fish to Yangon market," said Daw Thin Thin Htay, the owner of fishery product trading depot in Pyapon Township.

From Pyapon Township,about 72,000 viss of dried mackerel were sold to the Yangon market.

"The locally produced dried mackerel is systematically processed and mainly exported and sold to the Yangon market. Over the past month, we managed to s ell up to 72,000 viss. We continue exporting and selling because of the consistent demand from Yangon buyers for products from our area. The dried fish currently being traded are those processed during the summer season. Dried marine fish have strong domestic demand, so sales are going well," said Daw Thin Thin Thei, a dried fish wholesaler from Pyapon Township.

In Pyapon Township, seafood traders are producing and selling products such as fish paste and dried fish. Among them, locally produced dried mackerel is being exported and sold to the Yangon market, where the price of dried mackerel is currently around Ks-305,000 per 10 viss.

**SK**

# More than 27,000 acres of groundnut planted in Myinmu Township

MYINMU January 6

Statistics of Sagaing District Agriculture Department mentioned that local farmers grew more than 27,000 acres of groundnut in Myinmu Township of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 30,100 acres of groundnut in Myinmu Township. Cultivation began in October, and as of today, 27,878 acres have already been planted.

"This winter crop season, more than 30,000 acres of groundnut cultivation is planned for Myinmu Township. As of now, over 27,000 acres have been planted. We are working to ensure the planned target is fully met. Groundnut cultivation has been progressing successfully, and as an oilseed crop, it continues to show strong performance. Each year, the cultivation of groundnut in the township has been steadily improving," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Myinmu Township, it is learned that one and a half baskets of seeds are used per acre for groundnut cultivation, with production costs exceeding Ks-200,000 per acre, including seed costs, labor, fertilizers, and pesticides. The average yield per acre is reported to be over 50 baskets.

To ensure successful cultivation in Myinmu Township, staff from the Township Agriculture Department are conducting field inspections and recording field monitoring reports to help farmers maintain good crop growth, prevent pest and disease infestations, and keep the fields free of weeds.

**SK**

# Israel strikes multiple sites in Lebanon, including its third-largest city

JERUSALEM January 6

Israel on Monday and early Tuesday carried out airstrikes on multiple sites in Lebanon, including the country's third-largest city, Israeli and Lebanese sources said.

Video footage circulating on social media showed heavy destruction and a large cloud of smoke rising over the coastal city of Sidon following an Israeli strike at around 1 a.m. local time (2300 GMT Monday).

Lebanon's state-run National News Agency said the strike destroyed a commercial building in an industrial area of Sidon. Israel's state-owned Kan TV reported that several people were injured, with no immediate reports of fatalities.

Israel Defence Forces (IDF) released a statement on Tuesday morning, saying it had targeted Hezbollah and Hamas sites in several areas of Lebanon in a wave of strikes that began on Monday.

"The strikes targeted several weapons storage facilities and military structures, both above and below ground, that were used by Hezbollah to advance attacks against IDF soldiers and against the State of Israel, as well as to rebuild its military capabilities," the military said.

The army added that the strikes also hit Hamas weapons production sites in southern Lebanon.

In strikes on Monday night, the Israeli military targeted buildings in four villages in southern Lebanon and near the country's eastern border. Lebanon's National News Agency said four houses were destroyed and vehicles and shops were severely damaged, while an unexploded missile cut off a road. A Lebanese security source said Israeli warplanes carried out about 10 airstrikes across the areas.



The attacks came days before the Lebanese Government was due for a meeting to discuss its mission to disarm Hezbollah in areas near the border with Israel.

The Israeli army occasionally carried out strikes in Lebanon, claiming they are aimed at removing Hezbollah "threats," despite a U.S.- and French-brokered ceasefire between Hezbollah and Israel that has been in effect since November 27, 2024.

**Xinhua**

# Multiple injured after 6.4-magnitude earthquake hits western Japan

TOKYO January 6

Several people have been injured after a 6.4-magnitude earthquake struck Shimane Prefecture in western Japan on Tuesday, local media reported.

The temblor occurred at 10:18 a.m. local time in eastern Shimane Prefecture at a depth of about 10 kilometers, measuring upper 5 on Japan's seismic scale of 7 in the hardest-hit areas in Shimane and Tottori prefectures, said the Japan Meteorological Agency (JMA).

The quake's epicenter was located at a latitude of 35.3 degrees north and a longitude of 133.2 degrees east. Two aftershocks, measuring magnitude




5.1 and 5.4, hit the same area at around 10:28 a.m. and 10:37 a.m. local time, respectively, according to the JMA.

Four people in Matsue City, Shimane Prefecture, were taken to hospital due to falls and other injuries sustained during the earthquake. The city reported damage to the roofs of several houses, public broadcaster NHK reported.

In Sakaiminato City of neighboring Tottori Prefecture, local police received reports of cracks appearing on roads. In Fukuyama City of Hiroshima Prefecture, located south of the epicenter, two people were injured due to the earthquake, the report said.

The JMA, which revised the magnitude of the quake up from 6.2, said that long-period ground motions of up to the maximum level 4 were observed in western Tottori Prefecture. Long-period ground motion refers to intense, slow and sustained seismic waves from large earthquakes, which can cause high-rise buildings to sway, particularly affecting those on higher floors. **Xinhua**

# Russia's Battlegroup Tsentr improves positions, Ukraine loses up to 380 soldiers - MoD

MOSCOW January 6

Russia's Battlegroup Tsentr has eliminated up to 380 Ukrainian military personnel in the past 24 hours, the Russian Defence Ministry said on Tuesday.

"Enemy losses amounted to up to 380 troops, six armored combat vehicles, 11 motor vehicles, and four field artillery guns, including two Western-made ones," the ministry said in a statement.

Russia's Battlegroup Vostok has eliminated over 240 Ukrainian soldiers, while Battlegroup Zapad has eliminated up to 210 Ukrainian servicepeople and a tank during the same period, the ministry said.

Russia's Battlegroup Sever has eliminated up to 200 Ukrainian servicepeople, Russia's Battlegroup Yug has eliminated up to 210 Ukrainian soldiers, while Battlegroup Dnepr group of forces has eliminated up to 50 Ukrainian military personnel.

**Sputnik**

# Iran, Cuba and Brazil condemn U.S. invasion of Venezuela

TEHRAN January 6

Iranian Foreign Minister Seyed Abbas Araghchi has condemned the U.S. "military aggression" against Venezuela and abduction of its President Nicolas Maduro in phone calls with his Cuban and Brazilian counterparts.

During the two phone conversations, Araghchi also discussed the latest regional and international developments as well as bilateral ties with Cuba's Bruno Rodriguez Parrilla and Brazil's Mauro Vieira, according to statements released by the Iranian Foreign Ministry on Monday night.

The U.S. action is in "flagrant violation" of the UN Charter and international law, Araghchi said, urging all governments and the UN to voice their decisive and explicit opposition to Washington's "dangerous law-breaking."

He warned about the "precarious" consequences of U.S. "bullying" for the rule of law in international relations, stressing that such unilateral actions severely threatened the foundations of the international law-based world order and normalize the use of force against states.

Rodriguez condemned the U.S. "illegal" actions in the Caribbean and Latin America, especially its "unlawful invasion" against Venezuela and the abduction of its president, saying such actions compromised the region's security.

He expressed Cuba's determination to stand against any foreign threat and highlighted the necessity to enhance cooperation and ensure coordination among friendly countries to counter such "belligerent" unilateralism.

Vieira also denounced the U.S. actions against Venezuela as "clear violations" of the UN Charter, stressing that the issue will be pursued at the meetings of the UN Security Council, the Organization of American States, and the Community of Latin American and Caribbean States.

The three ministers called for greater and closer bilateral and multilateral cooperation and coordination among developing countries as well as within the Group of Friends in Defence of the Charter of the UN and the Non-Aligned Movement to counter unilateralism and support international law and the UN Charter's principles, read the statements.

The U.S. military struck Venezuela on Saturday, capturing President Maduro and his wife and transferring them to the United States.

For months, the United States has maintained a significant military presence in the Caribbean, much of it off Venezuela's coast, purportedly to combat drug trafficking -- a claim Venezuela has denounced as an attempt to bring about regime change in Caracas. **Xinhua**

# 631 illegal structures used for online fraud and gambling in KK Park Area systematically demolished

Before demolition



After demolition



Illegally constructed five-storey residential building in Section (3) of the KK Park Area.

NAY PYI TAW January 6

The Myanmar Government has been conducting clearance operations within the illegal structures in the Shwe Kokko and KK Park areas, where online fraud and gambling activities are most concentrated. Joint task forces have been systematically destroying seized assets used in online fraud and gambling operations and demolishing illegal buildings. It has been learned that today, an additional 21 illegal structures within the KK Park Area were demolished.

Today, within the Maehtawthalay (KK Park) Area (3), one illegal four-story building and one illegal five-storey building used for committing online fraud and gambling were demolished. Additionally, in Area (2), seven illegal single-storey buildings, ten illegal two-storey buildings, and two illegal four-storey buildings—all used for online fraud and gambling—were also demolished. This brings the total number of illegal structures demolished in the KK Park Area to 631 out of a total of 635 illegal buildings identified.

Before demolition



After demolition



Illegally constructed two-storey residential buildings in Section (3) of the KK Park Area being demolished using incendiary methods.

Furthermore, among the illegal structures in KK Park Area (3), after demolishing buildings using machinery, additional destruction using flamethrowers was carried out starting from December 14 to ensure complete destruction. Today, five two-storey buildings were additionally destroyed, bringing the total number of illegal structures fully demolished to 111.

The government has taken the fight against online fraud and gambling as a national responsibility. In addition to mobilizing domestic forces, it will continue to coordinate and collaborate with neighbouring governments to ensure that such activities cannot take root within Myanmar.

**100**

## Kalay Township cultivates over 3,000 acres of winter green beans

KALAY January 6

More than 3,000 acres of green beans have been planted in Kalay Township during this winter crops planting season, according to the statistics of the Department of Agriculture for Kalay Township.

During the 2025-2026 winter crops planting season, 9,190 acres of green beans have been planned for planting in Kalay Township. The planting of green beans has started in October last year, and 3,154 acres have been planted to date.

"We are working to ensure that the target acres are fully planted. Green beans cultivation is improving year by year. There will be education on expanding green beans cultivation, and there will be education on using good and pure varieties for better yields," said Daw Man Awe, head of the Department of Agriculture for Kalay Township.

This year, the relevant Township Agriculture Department will provide green beans farmers in Kalay Township with information on obtaining good and pure varieties suitable for the region, on proper planting methods, pest control, systematic use of fertilizers, and improved yields. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## ချောကလက်ထဲမှ သဘာဝဒြပ်ပေါင်းတစ်ခုက အိုမင်းရင့်ရော်မှုကို နှေးကွေးစေနိုင်



ချောကလက်နှစ်သက်သူတွေအတွက် ထွက်ပေါ်လာတဲ့သတင်းကောင်းတစ်ခုကတော့ ချောကလက် အထူးသဖြင့် အမည်းရောင်ချောကလက်ထဲမှာပါတဲ့ သဘာဝဒြပ်ပေါင်းတစ်ခုက လူရဲ့ဇီဝကမ္မဖြစ်စဉ်အရ အိုမင်းရင့်ရော်မှုကို နှေးကွေးစေနိုင်တယ်လို့ ဗြိတိန်နိုင်ငံ King's College London မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိလိုက်တာပဲ ဖြစ်ပါတယ်။


ဒီသုတေသနမှာ ချောကလက်ရဲ့ အဓိကပါဝင်ပစ္စည်းဖြစ်တဲ့ ကိုကိုးထဲက သီယိုဘရိုမင်း (Theobromine) လို့ခေါ်တဲ့ ဒြပ်ပေါင်းကို အဓိကထားလေ့လာခဲ့တာပါ။ ဥရောပမှ လူပေါင်း ၁၆၀၀ ကျော်ရဲ့ သွေးနမူနာတွေကိုစစ်ဆေးကြည့်တဲ့အခါ သွေးထဲမှာ သီယိုဘရိုမင်း ပမာဏပိုများတဲ့သူတွေဟာ ဇီဝကမ္မပိုင်းဆိုင်ရာမှာ သူတို့ရဲ့အသက်အရွယ်အမှန်ထက် ပိုပြီးနုပျိုနေတာကို တွေ့ရှိခဲ့ရပါတယ်။

ဒီဒြပ်ပေါင်းက လူတွေရဲ့ DNA ပေါ်က အိုမင်းရင့်ရော်မှုဖြစ်စေတဲ့ အရာများဖြစ်ပေါ်မှု နှေးကွေးစေရုံတင်မကဘဲ ကလာပ်စည်းတွေရဲ့သက်တမ်းကို ထိန်းသိမ်းပေးတဲ့ တီလိုမီးယား (Telomeres) လို့ခေါ်တဲ့ အစိတ်အပိုင်းတွေ တိုတောင်းမသွားအောင်လည်း ကူညီပေးတယ်လို့ဆိုပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက ကော်ဖီထဲမှာပါတဲ့ ကဖင်းဓာတ်မှာတော့ ဒီလိုအာနိသင်မျိုးကို မတွေ့ရဘဲ သီယိုဘရိုမင်းထဲမှာသာ သီးသန့်တွေ့ရတာဖြစ်တယ်လို့ သုတေသီများက ပြောထားပါတယ်။

**Ref: STD**

**ကိုထက်**

## တရုတ်နိုင်ငံက ကုန်တင်သင်္ဘောကို ဒရုန်းတင်သင်္ဘောအဖြစ် ပြောင်းလဲဖန်တီး



တရုတ်နိုင်ငံက သမားရိုးကျကုန်တင်သင်္ဘောတွေကို ဒရုန်းတွေလွှတ်တင်နိုင်တဲ့ စစ်သင်္ဘောတွေအဖြစ် ပြောင်းလဲအသုံးချဖို့ ရွေ့ပြောင်းပုံစံတစ်စင်း စမ်းသပ်တည်ဆောက်နေပါတယ်။ ဒီသင်္ဘောဟာ အဝေးကကြည့်ရင် ပုံမှန်ကွန်တိန်နာတင်သင်္ဘောတစ်စင်းနဲ့ဘာမှမခြားပါဘူး။ ဒါပေမဲ့ ကုန်းပတ်ပေါ်မှာတော့ ဒရုန်းတွေအတက်အဆင်းလုပ်နိုင်ဖို့အတွက် ပြေးလမ်းတွေကို အထူးစီမံဖန်တီးထားပါတယ်။ ဒါတင်မကသေးဘဲ ဒရုန်းအုပ်ကို ပင်လယ်ပြင်မှာတစ်ပြိုင်နက်ထိန်းချုပ်မောင်းနှင်နိုင်တဲ့ ခေတ်မီစနစ်တွေကိုပါ ထည့်သွင်းထားတာတွေ့ရပါတယ်။

တရုတ်နိုင်ငံက အခုလိုလုပ်ဆောင်လာတာဟာ ရေတပ်အင်အားကို ကုန်ကျစရိတ်သက်သက်သာသာနဲ့ အလျင်အမြန်မြှင့်တင်ချင်လို့ဖြစ်ပါတယ်။ အခုလို အရပ်ဘက်သုံးသင်္ဘောတွေကို ပြုပြင်ပြောင်းလဲမှုလုပ်ပြီး အသုံးပြုတာဟာ စစ်ပွဲအတွင်းမှာ ရန်သူကိုလှည့်စားဖို့နဲ့ ရေကြောင်းစစ်ဆင်ရေးတွေကို ပိုပြီးထိထိရောက်ရောက်လုပ်နိုင်ဖို့ ရည်ရွယ်တာပါ။

ဒီသင်္ဘောကနေတစ်ဆင့် အနာဂတ်မှာ ကုန်တင်သင်္ဘောအများအပြားကို ဒရုန်းတင်သင်္ဘောတွေအဖြစ် ပြောင်းလဲနိုင်ခြေရှိနေတာကြောင့် အနာဂတ်ပင်လယ်ပြင်စစ်ပွဲတွေရဲ့ပုံစံကိုပါ ပြောင်းလဲသွားစေနိုင်ပါတယ်။

**Ref: IE**

**ကိုထက်**

## အသက်ရှူနိုင်တဲ့ အဆုတ်တုချစ်ပြားကို သိပ္ပံပညာရှင်များတီထွင်


ဆေးဘက်နည်းပညာလောကမှာ အံ့သြစရာကောင်းတဲ့ တိုးတက်မှုတစ်ခုပေါ်ပေါက်လာပါတယ်။ အဲဒါကတော့ လူသားတွေရဲ့ အဆုတ်အတိုင်း အသက်ရှူနိုင်စွမ်းရှိတဲ့ အဆုတ်တုချစ်ပြားလေးတွေကို သိပ္ပံပညာရှင်တွေက အောင်မြင်စွာတီထွင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

အဆုတ်တုချစ်ပြားဆိုတာ စာတိုက်တံဆိပ်ခေါင်းလောက် အရွယ်အစားရှိပြီး အတွင်းမှာတော့ လူသားတွေရဲ့ အဆုတ်ကလာပ်စည်းတွေနဲ့ သွေးကြောကလာပ်စည်းတွေကို အလွှာလိုက်ထည့်သွင်းထားတာပါ။ သူ့မှာ လူတွေ တကယ်အသက်ရှူနေသလိုမျိုး ကျုံ့နိုင်ဆန့်နိုင်တဲ့ အစွမ်းရှိပါတယ်။ ဒီလို ကျုံ့ဆန့်နိုင်ဖို့အတွက် ကွန်ပျူတာနဲ့ ထိန်းချုပ်ထားတဲ့ လေစုပ်ပန့်တွေကို အသုံးပြုပြီး အဆုတ်ရဲ့ အသက်ရှူလှုပ်ရှားမှုအတိုင်း ဖြစ်အောင်ဖန်တီးထားတာပါ။

ဒီနည်းပညာဟာ ဆေးဝါးအသစ်တွေကို စမ်းသပ်တဲ့အခါ တိရစ္ဆာန်တွေကို အသုံးမပြုဘဲ လူသားတွေရဲ့ခန္ဓာကိုယ်နဲ့ အနီးစပ်ဆုံးတုံ့ပြန်မှုကိုသိနိုင်ဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါတင်မကသေးဘဲ လေထုညစ်ညမ်းမှု ဒါမှမဟုတ် ဗိုင်းရပ်တွေက လူ့အဆုတ်ကိုဘယ်လိုဒုက္ခပေးနေသလဲဆိုတာကိုလည်း ဒီချစ်ပြားလေးတွေကတစ်ဆင့် အသေးစိတ်လေ့လာနိုင်တော့မှာပါ။ ဒါဟာ အနာဂတ်ဆေးပညာလောကမှာ ရောဂါရှာဖွေရေးနဲ့ကုသရေးအတွက် လမ်းသစ်တစ်ခုပွင့်သွားခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**Ref: IE**

**ကိုထက်**



## အနာဂတ်အတွက်အကျိုးရှိတဲ့အပြင် ဂင်းနစ်မှတ်တမ်းဝင်နိုင်ခဲ့တဲ့ ဆောင်းရာသီ EV ကားစမ်းသပ်ပွဲ



အလွန်အေးတဲ့ဆောင်းရာသီမှာ လျှပ်စစ်စွမ်းအင်သုံးကား (EV) တွေရဲ့ ဘက်ထရီစွမ်းဆောင်ရည်က ဘယ်လောက်အထိ ကျဆင်းသွားနိုင်သလဲဆိုတာကို သိနိုင်ဖို့ တရုတ်နိုင်ငံမှာ ကားအစီးရေ ၆၇ စီးအထိ ပါဝင်တဲ့ အကြီးစားစမ်းသပ်မှုကြီးတစ်ခု လုပ်ဆောင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုဟာ အနာဂတ်အတွက်အကျိုးရှိတဲ့အပြင် ကမ္ဘာ့အကြီးဆုံး ဆောင်းရာသီ EV ကားစမ်းသပ်ပွဲအဖြစ် ဂင်းနစ်မှတ်တမ်းဝင်သွားပါတယ်။

အပူချိန်အနုတ် ၂၅ ဒီဂရီစင်တီဂရိတ်အထိအေးခဲနေတဲ့ အတွင်းမွန်ဂိုလီးယားဒေသမှာ စမ်းသပ်မှုလုပ်ခဲ့တာပါ။ စမ်းသပ်တဲ့အထဲမှာ သာမန်ကားများမှသည် ဇိမ်ခံကားများအထိ ပါဝင်ပါတယ်။ ရလဒ်တွေအရတော့ အအေးဒဏ်ကြောင့် လျှပ်စစ်ကားအများစုဟာ ကုမ္ပဏီကအာမခံထားထားတဲ့ခရီးအကွာအဝေးရဲ့ ထက်ဝက်နီးပါးလောက်အထိ လျော့ကျသွားတာတွေ့ရပါတယ်။

အဲဒီစမ်းသပ်မှုမှာ XPeng P7 က ခရီးအကွာအဝေး ၅၃ ဒသမ ၉ ရာခိုင်နှုန်းအထိ သွားနိုင်ပြီး ပထမရပါတယ်။ BYD ရဲ့ Yang-wang U7 နဲ့ Zeekr 001 တို့က ဒုတိယနဲ့ တတိယနေရာ အသီးသီးရပါတယ်။ Tesla Model Y က ခရီးကို ၃၅ ရာခိုင်နှုန်းသာ သွားပြီး အဆင့် ၃၁ မှာရှိပါတယ်။ **Ref: AE**

**ကိုထက်**

## အီလွန်မက်ရဲ့ စတီယာရင်မပါတဲ့ကားအိပ်မက် တက္ကဆက်ပြည်နယ်မှာ အခက်အခဲအတားအဆီးတွေနဲ့ကြုံနေရ



Tesla ရဲ့ စီအီးအို အီလွန်မက်စိတ်ကူးယဉ်ထားတဲ့ စတီယာရင်ရော ခြေနင်းလီဗာပါ မပါဝင်တဲ့ "Cybercab"တွေကိုလမ်းပေါ်တင်မယ့်အစီအစဉ်ဟာ တက္ကဆက်ပြည်နယ်မှာ ဥပဒေနဲ့ နည်းပညာဆိုင်ရာ အခက်အခဲတချို့နဲ့ ရင်ဆိုင်နေရပါတယ်။ လက်ရှိ တက္ကဆက်ပြည်နယ် အော်စတင်မြို့ရဲ့ လမ်းမတွေပေါ်မှာ တက်စလာရဲ့ ရွေ့ပြေးပုံစံကားတွေ စမ်းသပ်မောင်းနှင်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ အီလွန်မက်ကတိပေးထားသလို စတီယာရင်မပါတဲ့ကား မဟုတ်ဘဲ ပုံမှန်ကားတွေလို စတီယာရင်ပြန်တပ်ထားတာကို တွေ့လိုက်ရတာပါ။

ဒါဟာ တက်စလာရဲ့ အပြည့်အဝအလိုအလျောက်မောင်းစနစ်အပေါ် စိတ်မချရသေးတဲ့အတွက် အရေးပေါ်အခြေအနေမှာ လူက ဝင်ရောက်ထိန်းချုပ်နိုင်ဖို့ စတီယာရင်ကို ပြန်ထည့်ထားရတာလို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။ ဒါတင်မကသေးဘဲ လမ်းများဘေးကင်းလုံခြုံရေးအာဏာပိုင်အဖွဲ့က Tesla ရဲ့ Robotaxi စမ်းသပ်မှုတွေအတွင်း မှားယွင်းမောင်းနှင်မှုတချို့ဖြစ်ခဲ့တာကြောင့် စောင့်ကြည့်စစ်ဆေးမှုတွေ လုပ်နေပါတယ်။ အစိုးရရဲ့ ဘေးကင်းလုံခြုံမှုဆိုင်ရာ စံနှုန်းတွေက တင်းကျပ်နေတာကြောင့် အီလွန်မက်မျှော်မှန်းထားသလို ၂၀၂၆ ခုနှစ်မှာ စတီယာရင်မပါတဲ့ကားအစီးရေ အများအပြားထုတ်လုပ်နိုင်ဖို့ဆိုတာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်နေဆဲ ဖြစ်ပါတယ်။

**Ref: AE**

**ကိုထက်**

# ဗင်နီဇွဲလားအပေါ် အမေရိကန်၏ အရေးယူမှုများက ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေဟု ကုလသမဂ္ဂသတိပေး



**ဂျီနီဗာ၊ နိုင်ငံရေး**

ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်အရေးယူဆောင်ရွက်မှုများသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေပြီး ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာရုံးက ဇန်နဝါရီလ ၆ ရက်တွင်ပြောသည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများသည် ဗင်နီဇွဲလားနိုင်ငံရှိသာမန်ပြည်သူများအတွက် အခြေခံစားနပ်ရိက္ခာနှင့် ဆေးဝါးရရှိမှုအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိနေကြောင်း ကုလသမဂ္ဂမှ ကျွမ်းကျင်သူများကထောက်ပြသည်။ ယင်းကဲ့သို့ပြင်ပမှ ဖိအားပေး၍ အစိုးရအဖွဲ့ကို အတင်းအဓမ္မပြောင်းလဲရန် ကြိုးပမ်းခြင်းသည် အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ပြီး ကုလသမဂ္ဂပဋိညာဉ်ပါ အခြေခံမူများကို ဆန့်ကျင်နေသည်ဟုဆိုသည်။

ထို့ပြင် အမေရိကန်၏လုပ်ရပ်များသည် အင်အားသုံးဖြေရှင်းသည့် လမ်းစဉ်ကို အားပေးရာရောက်နေပြီး နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာဆိုးများဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂ၏သတိပေးချက်တွင်ဖော်ပြထားသည်။ အလားတူ အမေရိကန်၏လုပ်ရပ်များကြောင့် ဒေသတွင်းတင်းမာမှုများမြင့်တက်လာခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုပါ ထိခိုက်စေနိုင်သည်ဟု သုံးသပ်ထားသည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်ရေးနှင့်စီးပွားရေးဖိအားပေးမှုများအစား ငြိမ်းချမ်းသောတွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ဖြင့်သာ ပြဿနာများကို ဖြေရှင်းရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာရုံးက တိုက်တွန်းထားကြောင်းသိရသည်။

**Ref: ST**

# ဒုတိယသမ္မတ ဂျေဒီဗန့်၏နေအိမ် တိုက်ခိုက်ခံရမှု ကာယကံရှင် အတည်ပြု

**လော့အိန်ဂျလိ၊ ပြည်တွင်းရေး**

အမေရိကန်နိုင်ငံအလယ်ပိုင်း အိုဟိုင်းယိုးပြည်နယ်ရှိ အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်၏နေအိမ် တိုက်ခိုက်ခံရကြောင်း ကာယကံရှင်ကိုယ်တိုင်က ဇန်နဝါရီလ ၅ ရက်တွင် အတည်ပြုပြောလိုက်သည်ဟု သိရသည်။ "ရူးနေတဲ့သူတစ်ယောက်က ပြတင်းပေါက်တွေကို တူနဲ့ထုပြီး အိမ်ထဲကို ဖောက်ထွင်းဝင်ရောက်ဖို့ကြိုးစားခဲ့တာပါ။ အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်တဲ့ လုံခြုံရေးတပ်ဖွဲ့နဲ့ ရဲတပ်ဖွဲ့တို့ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ဂျေဒီဗန့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။ ထိုဖြစ်စဉ်အတွင်း ၎င်းနှင့် မိသားစုမှာ ဝါရှင်တန်ဒီစီသို့ ပြန်ရောက်နေပြီဖြစ်သဖြင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ဂျေဒီဗန့်၏ ရေးသားချက်အရသိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားပြီးနောက် သန်းခေါင်ကျော်တွင် သံသယရှိသူ ဝီလီယံဒီဖိုးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဒေသတွင်းသတင်းများတွင်ဖော်ပြထားသည်၊ ယခုတိုက်ခိုက်မှုသည် အမေရိကန်နိုင်ငံရေးခေါင်းဆောင်များကို ဦးတည်သည့် အကြမ်းဖက်မှုများအနက် နောက်ဆုံးဖြစ်စဉ်ဖြစ်သည်။ **Ref: Xinhua**

# ဗင်နီဇွဲလားတွင် ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲ ကျင်းပမည်မဟုတ်ဟု ထရမ့်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

ဗင်နီဇွဲလားနိုင်ငံတွင် လာမည့်ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲများ ကျင်းပနိုင်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၅ ရက်တွင် ပြောသည်။ "ကျွန်တော်တို့အနေနဲ့ နိုင်ငံကို အရင်ဆုံး ပြုပြင်ဖို့လိုပါတယ်။ အခုအချိန်မှာ ရွေးကောက်ပွဲ ကျင်းပဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ပြည်သူတွေအနေနဲ့ မဲပေးဖို့တောင် နည်းလမ်းမရှိတဲ့အခြေအနေပါ" ဟု သမ္မတထရမ့်က NBC News နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် ထည့်သွင်းပြောခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို အမေရိကန်တပ်ဖွဲ့များက ကရာကတ်မြို့မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး နှစ်ရက်အကြာတွင် ထရမ့်ကယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနေရာလစ်လပ်ပါက ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲအသစ် ကျင်းပရမည်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# ဂျပန်နိုင်ငံ၌ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ် လူအများအပြား ဒဏ်ရာရ

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ရှီမာနေးစီရင်စု၌ ဇန်နဝါရီလ ၆ ရက်တွင် အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ရာ လူအများအပြား ဒဏ်ရာရရှိကြောင်း သိရသည်၊ ငလျင်သည် နံနက် ၁၀ နာရီ ၁၈ မိနစ်တွင် မြေအောက် အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူဖြင့်လှုပ်ခတ်ခြင်းဖြစ်သည်။

နောက်ဆက်တွဲငလျင်များအဖြစ် ပြင်းအား ၅ ဒသမ ၁ နှင့် ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်နှစ်ခုထပ်မံလှုပ်ခတ်ကြောင်း၊ ငလျင်ကြောင့် မတ်ဆုအေးမြို့တွင် လူလေးဦးနှင့် ဟီရိုရှီးမားစီရင်စုတွင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း၊ တော့တိုရီစီရင်စုတွင် လမ်းများအက်ကွဲခြင်းနှင့် နေအိမ်အမိုးများပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း မိုးလေဝသဌာနနှင့်ဒေသတွင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

**Ref: Xinhua**

# အင်ဒိုနီးရှားအရှေ့ပိုင်းတွင် ရုတ်တရက်ရေကြီးပြီး မြေပြိုမှုဖြစ်ပွား၊ သေဆုံးသူ ၁၆ ဦးအထိရှိလာ



**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မြောက်ဆူလာဝေစီပြည်နယ်၌ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းတွင်ဖြစ်ပွားသော ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၁၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ဇန်နဝါရီလ ၆ ရက်တွင် ထုတ်ပြန်သည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေလျှံကာ နံနက် ၂ နာရီခွဲခန့်တွင် စီတာရိုကျွန်းစုဒေသသို့ ရေများအရှိန်အဟုန်ဖြင့် စီးဝင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် ခရိုင်လေးခုရှိနေအိမ် ၁၄၈ လုံး ထိခိုက်ပျက်စီးခဲ့ပြီး နေအိမ်ခုနစ်လုံးမှာ လုံးဝပျက်စီးကာ ၂၉ လုံးမှာ ပြင်းထန်စွာပျက်စီးသွားသည်။

"လက်ရှိအချိန်အထိ လူ ၂၂ ဦး ဒဏ်ရာရရှိခဲ့လို့ ဆေးရုံတွေကို ပို့ဆောင်ကုသပေးထားပါတယ်။ လူသုံးဦးကတော့ ပျောက်ဆုံးနေဆဲဖြစ်လို့ ရှာဖွေရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်" ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ၏ ပြန်ကြားရေးဌာနမှူး အဗ္ဗဒူမူဟာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ လက်ရှိတွင် တာဝန်ရှိသူများက ဇန်နဝါရီလ ၅ ရက်မှ ၁၈ ရက်အထိ ၁၄ ရက်ကြာ အရေးပေါ်တုံ့ပြန်ရေးကာလအဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

**Ref: Xinhua**

# ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် ပေါက်ကွဲမှုဖြစ် ထိုင်းစစ်သည်တစ်ဦး ဒဏ်ရာရ

**ဘန်ကောက်၊ စစ်ရေး**

ထိုင်း-ကမ္ဘောဒီးယား နယ်စပ်ဒေသ၌ ဇန်နဝါရီလ ၆ ရက် နံနက်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ထိုင်းစစ်သည်တစ်ဦး ဒဏ်ရာရရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထိုင်းဘက်က ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ကန့်ကွက်လွှာ ပေးပို့ထားကြောင်း ထိုင်းအိမ်စောင့်အစိုးရဝန်ကြီးချုပ် အာနူတင်ချန်ဗီရာကူက ပြောသည်။

နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် ကမ္ဘောဒီးယားဘက်မှ စိန်ပြောင်းဗုံးသီးတစ်လုံး ပစ်ခတ်ခြင်းကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ကြောင်း ထိုင်းအမှတ်(၂)စစ်နယ်မြေကွပ်ကဲမှုဌာနချုပ်က လူမှုကွန်ရက်မှတစ်ဆင့် ထုတ်ပြန်ထားသည်။

"ထိုင်းနိုင်ငံက အပစ်အခတ်ရပ်စဲရေး စည်းကမ်းတွေကို တိတိကျကျလိုက်နာနေပေမယ့် ဖြစ်လာနိုင်တဲ့အခြေအနေအားလုံးအတွက်လည်း အပြည့်အဝပြင်ဆင်ထားပါတယ်"ဟု ချန်ဗီရာကူကပြောသည်။

ထိုင်းတပ်မတော်မှပြောရေးဆိုခွင့်ရှိသူကမူ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၎င်းတို့ထံပြန်လည်ဆက်သွယ်လာပြီး ယခုဖြစ်စဉ်မှာ ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းခွင်အတွင်း မှားယွင်းမှုကြောင့်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဟု ပြောထားသည်။

**Ref: Xinhua**



# တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၆

တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းခွင့်ပြုလက်မှတ်လျှောက်ထားခြင်း၊ တိရစ္ဆာန်ကုဆေးရုံ၊ ဆေးခန်းတည်ထောင်သူများ၊ လုပ်ငန်းဆောင်ရွက်သူ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏မွေးမြူထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် အသားကဏ္ဍမြင့်တင်နိုင်ရေးအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ပြည်သူ့ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကွင်းဆင်းစစ်ဆေးခဲ့သော ဆေးရုံ၊ဆေးခန်းများကို စိစစ်ရာတွင် ဆေးခန်း ၈၃ ခုတွင် ခွေးနှင့် ကြောင်သာ ကုသသော ဆေးရုံဆေးခန်း ၆၅ ခုရှိပြီး ကျန် ၁၈ ခုသည်လည်း ခွေး၊ ကြောင်နှင့် ယုန်အပါအဝင် အခြားအမျိုးအစားအနည်းငယ်ကိုသာ ကုသပေးနေသော ဆေးရုံများကိုသာတွေ့ရှိရကြောင်း။

ဆေးကုသသူများအနေဖြင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီတွင် မှတ်ပုံတင်ထားသူဖြစ်ရန်လိုအပ်ပြီး ဆေးရုံဆေးခန်းအနေဖြင့်လည်း လုပ်ငန်းလိုင်စင်လုပ်ဆောင်ထားရန်လိုကြောင်း၊ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့် နိုင်ငံတော်က သင်ကြားပေးလိုက်သောပညာရပ်များကို ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်၏အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင်ဟန်ချက်ညီညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်းပြောကြားသည်။



ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တာဝန်ရှိသူများက တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လုပ်ငန်းစဉ်များ၊ တိရစ္ဆာန်ကုဆေးရုံ ဆေးခန်းမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဆေးခန်း၊ ဆေးရုံများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် တစ်ပါတည်းဆောင်ရွက်သွားရန်(One Stop Service) ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# ပြည်ရေနံမြေတွင် သုတေသနပြု၍ သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သွားရောက်ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး ပြည်ရေနံမြေသို့သွားရောက်၍ သုတေသနပြုလုပ်၍ သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာရှင်းလင်းဆောင်တွင် ပြည်ရေနံမြေအထွေထွေမန်နေဂျာက ပြည်ရေနံမြေနှင့် ပန်းတောင်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးစေရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ တွင်းအမှတ် ၄၈ ကို သဲကြောများအားသုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာမှ သဘာဝဓာတ်ငွေ့များ ပြန်လည်ထွက်ရှိလာမှုအခြေအနေများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကိုရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များက ပြည်၊ မြန်အောင်နှင့်ရွှေပြည်သာ



ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက် နည်းပညာများ အသုံးပြု၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ၁၉၆၄ ခုနှစ်မှ စတင်တွေ့ရှိခဲ့သည့် ပြည်ရေနံမြေဒေသသည် အစဉ်အလာကောင်းခဲ့သည့် ရေနံမြေတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့နှစ်မျိုးလုံးထွက်ရှိသည့် တန်ဖိုးရှိသည့် ရေနံမြေတစ်ခုဖြစ်သော်လည်း ထုတ်လုပ်မှုရပ်ဆိုင်းလုနီးပါးဖြစ်နေသည်မှာ ဆယ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်ကြောင်း။

လက်ရှိပြည်ရေနံမြေရှိတွင်းအမှတ် ၄၈ ၏ သဲကြောများကိုဆန်းစစ်ပြီး သုတေသနပြုလုပ်၍သဘာဝဓာတ်ငွေ့များပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ရာ ရန်ကုန်သို့ပို့လွှတ်သည့် ပိုက်လိုင်းအတွင်း ဖြည့်သွင်းပေးနေကြောင်း၊ သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်လာနိုင်ပါက ပြည်၊ ရွှေတောင်ဒေသရှိစက်ရုံများသို့ သဘာဝဓာတ်ငွေ့များ သီးသန့်ပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများ၏စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကိုယနေ့မွန်းလွဲပိုင်းတွင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅၂) ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက စီးပွားရေးလုပ်ငန်းရှင်များက တင်ပြလာသည့်၎င်းတို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုန်စည်များ၌ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိ မရှိ စားသုံးသူရေးရာဦးစီးဌာနက စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကုန်စည်စုစုပေါင်း ၂၀၁၅၅ မျိုးကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စားသုံးသူတိုင်ကြားမှုစုစုပေါင်း ၂၈၅ မှုအနက်ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် တိုင်ကြားမှုအများဆုံးဖြစ်ပြီး တိုင်ကြားမှုအများဆုံးမှာ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ဝန်ဆောင်မှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိ ၅၆၆ ဦးကို ခန့်အပ်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်တွင် ကျင်းပသွားမည့် စားသုံးသူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ကော်မရှင်အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လှိုင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကော်မရှင်ကဆုံးဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “NovelNovel” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်နေ နိုဘယ်ဆန်း(ခ)နိုနိုအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “သက်နိုင်” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ငါန်းဇွန်မြို့နယ်၊ လေးထောင့်ကန်ကျေးရွာနေ သိန်းမွေး (ခ)သက်နိုင်အား မွန်းလွဲ ၂ နာရီ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သင်္ချာဘာသာရပ် သိကောင်းစရာ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

သင်္ချာဘာသာရပ်မေးခွန်းတွင် အခန်းအားလုံးမှ ပါဝင်မှာဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းအားလုံးကို လေ့လာထားရပါမည်။ အခြေခံသိရှိနားလည်ထားရမည်ကို မေးသောမေးခွန်းများနှင့် ကိုယ်တိုင်တွက်ချက် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများ ပါဝင်ပါမည်။ အလွတ်ကျက်မှတ်၍ ရေးသားဖြေဆိုရသော မေးခွန်းများ မပါဝင်ပါ။ ဒါကြောင့် သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲမှာ Non Programmable Calculator အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A, Section B, Section C** နှင့် **Section D** အပိုင်း ၄

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ) နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ) တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည် <u>Answer ALL Questions</u> ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | - | - | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | - | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | - | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | - | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ပြဋ္ဌာန်းစာအုပ်ပါ အရေးအသားများဖြင့် ကိန်းပြောင်းမေးသည့်အခါ မှန်အောင်ဖြေဆိုနိုင်ရေး လေ့ကျင့်ထားရပါမည်။ ပုစ္ဆာများကို ကိန်းပြောင်းမေးသည့်အခါ မှန်အောင်တွက်နိုင်မှု အားနည်းကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်း အလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit *i* ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုည မဟုတ်လျှင် $x^2$ သည် သုညထက် ကြီးသည့်အချက်အရ ညီမျှခြင်း $x^2=-4$ တွင် ကိန်းစစ်အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု (*i* ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2=-1$ ဖြစ်နေပါက $(2i)^2=4i^2=4(-1)=-4$ နှင့် $(-2i)^2=4i^2=4(-1)=-4$ ဖြစ်သည့်အတွက် $x^2=-4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် *i* နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန် အတွက် Complex number x + yi ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာပါ ပေးထားချက်မှ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

သတိပြုရမည့်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း n သည် ဖော်ပြထားချက် Statement ကို မည်သည့်သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n\geq 5$ ဟု ပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက် ကြီးသောကိန်းများအတွက်သာမှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်ကို သတိပြုရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့် ပြိုင်နေသော ပြင်ညီများ၊ ထောင့်မတ်ကျနေသောမျဉ်းများ၏ Equations နှင့် Directed Values, Parallel Lines, Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကို အသုံးပြု၍ Coordinates form of the Line Equation $(x,y,z)=(x_1+lk,y_1+km,z_1+kn)$ ရေးသည်။ Directed Values များ သုညနှင့် မတူပါက $\frac{x-x_1}{l}=\frac{y-y_1}{m}=\frac{z-z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကို ရှာနိုင်ပြီး၊ Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်၊ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်းသိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကို ရှာနိုင် သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကို အသုံးပြု၍ plane ညီမျှခြင်းရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Coun-ting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ် (Order) အတိုင်း စီစဉ်ထားခြင်း (An Ordered Arrangement) တစ်ခုကို ဆိုလိုပါသည်။ Permutation တွင် ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ် (Position/ Order) က အရေးကြီးပါသည်။ ဥပမာ-ဂဏန်း ၃ လုံးဖြစ်တဲ့ (၁၊ ၂၊ ၃) ကို စီစဉ်မယ်ဆိုရင် (၁၂၃) နဲ့ (၃၂၁) တို့သည် Permutation အရ မတူညီတဲ့ စီစဉ်မှုနှစ်ခု ဖြစ်ပါသည်။ သော့ခလောက် code နံပါတ်၊ ပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ခြင်းစသည်တို့ ဖြစ်ပါသည်။ Combination ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ်ကို ထည့်မတွက်ဘဲ ရွေးချယ်စုဆောင်းထားခြင်း (An Unordered Collection) တစ်ခုပင် ဖြစ်သည်။ Combination တွင် ဘယ်အရာဝတ္ထုတွေကို ရွေးချယ်လိုက်သလဲ ဆိုတာသာ အရေးကြီးပြီး ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ်က အရေးမကြီးပါ။ ဥပမာ-အသီး ၃ မျိုးဖြစ်တဲ့ (သရက်သီး၊ ပန်းသီး၊ လိမ္မော်သီး)ထဲက ၂ မျိုးကို ရွေးမယ်ဆိုပါက (သရက်သီး၊ ပန်းသီး) ရွေးချယ်မှုဟာ (ပန်းသီး၊ သရက်သီး) ရွေးချယ်မှုနဲ့ Combination အရ အတူတူပဲဖြစ်ပါသည်။ Combination တွင် ကော်မတီအဖွဲ့ဝင် ရွေးချယ်ခြင်း၊ စားသောက်ဖွယ်ရာ ရွေးချယ်ခြင်း စသည်တို့ဖြစ်ပါသည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$ , ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်းအရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့် ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များ ဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်) များ ဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည်ဖြစ်ပါသည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x-h)^2+(y-k)^2=r^2$ ကို ဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2+y^2+2gx+2fy+c=0$ ကိုစက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2+y^2+2gx+2fy+c=0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x+g)^2+(y+f)^2=g^2+f^2-c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို $(-g,-f)$ နှင့် အချင်းဝက် $\sqrt{g^2+f^2-c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2=4px$ ၌ axis of symmetry သည် x- axis (horizontal axis, y = 0) ဖြစ်မည်။ Focus သည် (p,0) အမှတ်ဖြစ်ပြီး directrix သည် $x=-p$ မျဉ်း ဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။

*စာမျက်နှာ ၂၆ သို့* ➪

➪ စာမျက်နှာ ၂၅ မှအဆက်
ထိုနည်းတူစွာ $y^2 = -4px$ , $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y-k)^2 = 4p(x-h)$, $(y-k)^2 = -4p(x-h)$,$(x-h)^2 = 4p(y-k)$နှင့်အတွက်လည်း စဉ်းစားနိုင်သည်။ Parabola equation ရှာရမည့်ပုစ္ဆာများတွင် ပေးထားချက်များမှ မှန်သော ညီမျှခြင်းပုံစံရေးသားပြီး တွက်ရပါမည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုး၏ Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ(၂)မျိုးဖြင့် မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y = \sin x$, draw step-by-step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကိုဆွဲသားရမည်။ ဒုတိယပုံစံမှာ "Draw the graph of $y = 2\sin\frac{\pi}{2}x$." ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ Graph ဆွဲရာတွင် (၁) ဝင်ရိုးမြားများ၊ x y O အမည်၊ ဝင်ရိုးအလိုက် လိုအပ်သလို ကိန်းနေရာများ၊ (၂) ဆွဲထားသော ပုံ function အမည်၊ (၃) ပုံတွင်လိုအပ်သည်များ ပြည့်ပြည့်စုံစုံပါဝင်ရပါမည်။ နမူနာအားဖြင့် sine cosine ပုံများတွင် Five key points အမှတ်များ၏ coordinates များ (maximum point, minimum point အပါ)၊ amplitude, period, midline (equation အပါ)၊ domain, range စသည်တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် ဂရပ်စာရွက် ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန်လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင် ဖတ်ပြီးမှ တွက်စေလိုပါသည်။

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကို ဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင် ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင် ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range, Asymptote Line (equation အပါ)၊ x/y-intercepts များလည်း ပါဝင်ရပါမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန် လိုအပ်သည်ကို ထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင်Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသောအချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functionsတို့ကို Integration လုပ်ခြင်း၊ Integration ၏ အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Part Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန် တွက်တတ်ရပါမည်။ အခန်း (၁၀)တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များ အစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x-axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်းသိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကိုသတိပြုပါ။

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးပါ။ သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင်အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့် မေးခွန်းကို မေးခွန်းနံပါတ် တပ်၍ဖြေဆိုပါ။ (မေးခွန်းအစဉ်အတိုင်းဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

<u>Answer **ALL** Questions.</u> Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3, Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9,Chapter 7 Section 7.5,Chapter 8 Section 8.2,8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

<u>Write only the solution of each question.</u> (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Chapter 5
26. Chapter 6
27. Chapter 8 Section 8.1, Section 8.3
28. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Chapter 10
30. Chapter 11

**Section D (Each question carries 5 marks.)**

31. Chapter 1
32. Chapter 2
33. Chapter 3, Chapter 4
34. Chapter 5
35. Chapter 6
36. Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2,8.4
38. Chapter 11

သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများကိုယ်တိုင် စဉ်းစား တွက်ချက်ဖြေဆိုနိုင်၍ အလွတ်ကျက်မှတ် ရေးသားဖြေဆိုနေရခြင်းမျိုး ကင်းရှင်းကြပါစေ။ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား၊ အပိုင်း ကိန်းတွက်ချက်မှု၊ ညီမျှခြင်းဖြေရှင်းနိုင်မှု စသည့် အခြေခံတွက်ချက်မှုအပိုင်းများ ပိုင်နိုင်ကြပါစေ။ သင်္ချာဘာသာရပ်ဆိုင်ရာမှန်သော ရေးနည်းများဖြင့် ရေးသားဖြေဆိုနိုင်ကြပါစေ။

ကျောင်းသား ကျောင်းသူများ မိမိကိုယ်စီကိုယ်စီ ရည်ရွယ်ရာအောင်မြင်မှုအသီးသီး ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

■ **ကျောဖုံးမှအဆက်**
ပြည်ပနိုင်ငံသား ၃၂ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ဇင်ဘာဘွေနိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ လိုင်ဘေးရီးယားနိုင်ငံနှင့် ဇန်ဘီယာနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကိုစနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၃၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၁၇၇၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၃၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
ဖုန်းရွှေ(ဘ)ဦးဖုံစင်းချမ်း ၁၃/ကခန(နိုင်)၁၂၁၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


**ပျောက်ဆုံးကြောင်း**
ယုယုခိုင်(ဘ)ဦးစိုးနိုင် ၁၀/မလမ(နိုင်)၀၀၀၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၄၇၁၃

**ပျောက်ဆုံးကြောင်း**
ဇော်မိုးအောင်(ဘ)ဦးအောင်ပေါ ၇/ရတရ(နိုင်)၀၇၂၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မြင့်မိုရ်(ဘ)ဦးတင်အေး ၇/ဒဥန(နိုင်)၂၅၈၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၆၃၁ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း ၂ နှင့် ၃ တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့သည့်အဆောက်အအုံများအား တွေ့မြင်ရစဉ်




**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့်တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံစုစုပေါင်း ၆၃၅ လုံး အနက် ၆၃၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအပိုင်း (၃) (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင် ၄ ထပ် အဆောက်အအုံ ၁ လုံး၊ ၅ ထပ် အဆောက်အအုံ ၁ လုံးနှင့် အပိုင်း (၂) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁ ထပ် အဆောက်အအုံ ၇ လုံး၊ ၂ ထပ် အဆောက်အအုံ ၁၀ လုံး၊ ၄ ထပ်အဆောက်အအုံ ၂ လုံး၊ စုစုပေါင်းတရားမဝင် အဆောက်အအုံ ၂၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အတွင်းရှိ တရားမဝင်အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံ ပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ်အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁၁ လုံး တို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် လူနေ အဆောက်အအုံ

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး



KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေ အဆောက်အအုံ

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေ အဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုအား တွေ့မြင်ရစဉ်

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၆ နာရီ ၄၀ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်ပိတ်စအား ချိတ်ဆွဲထားသည်ကိုတွေ့ရှိရသဖြင့် ထိုသို့ချိတ်ဆွဲထားသူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ သာကေတမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ အာကာမင်း(ခ) ရန်ချို(၂၀)နှစ်နှင့် ကိုဇင်(စိစစ်ဆဲ) တို့ ၂ ဦးဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ အာကာမင်း(ခ) ရန်ချိုအားဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်း (ပ)၉၄၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ မာဃရပ်နေ မဝင်းမိုးပြည့်(၂၅)နှစ်သည် ၎င်းအသုံးပြုသည့် “LEONAR” TikTok လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့်စာသားများ ရေးသားကာ စည်းရုံး/လှုံ့ဆော်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ဝင်းမိုးပြည့်အား ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မြင်းမူမြို့မရဲစခန်း (ပ)၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၃၁ ရက်နေ့ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်အချိန်တွင် သာကေတမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်းပေါ်အရောက်၌ အဆိုပါရပ်ကွက်နေ အောင်ပြည့်ဖြိုး(ခ)ရှဖီး(၄၁)နှစ်သည် ပြည်ခိုင်ဖြိုးပါတီမှလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် အောင်ဇေယျလမ်းဘေး၌ စိုက်ထူထားရှိသည့်ဗီနိုင်းဆိုင်းဘုတ်အားအုတ်ခဲဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့ရာ အဆိုပါဗီနိုင်းဆိုင်းဘုတ်တွင် ၁ ပေခန့် ပေါက်ပြဲပျက်စီးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အောင်ပြည့်ဖြိုး(ခ)ရှဖီးအား ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သာကေတမြို့မရဲစခန်း (ပ)၇၀၆/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၄)ရပ်ကွက်နေ ဝင်းမောင်ဖြူ (၅၆)နှစ်သည် ၎င်းအသုံးပြုသည့် “Win Maung Phyu” Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ထပ်ဆင့်ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ဝင်းမောင်ဖြူအား ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်ဖမ်းဆီးပြီး တရားခံများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအားမည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

စုလှိုင်သည် အိမ်ကိုသတိရနေသည်။ ဒီအချိန်ဆိုလျှင် ဒက်ဒီ အိမ်က ထွက်သွားလောက်ပြီဖြစ်သည်။ မာမီလည်း ဖဲဝိုင်းရောက်နေလောက်ပေပြီ၊ သို့တည်းမဟုတ် သူ၏ငယ်ရည်းစားဖြစ်သူများနှင့် တစ်နေရာရာတွင် သွား၍တွေ့နေမည်လားဟု တွေးနေမိသည်။ တဟားဟား ရယ်နေသောရယ်သံများကြားထဲတွင် စုလှိုင်၏စိတ်တို့သည် တလွင့်လွင့်ဖြစ်နေသည်။ မတည်မငြိမ်ဖြစ်နေလေသည်။

'ရယ်ရတယ်နော်' အမာညိုသည် စုလှိုင်၏ လက်ချောင်းလေးများကို ဆုပ်ကိုင်ကာပြောသည်။ စုလှိုင်သည် ရွှင်ချိုနုပျိုနေသော အမာညို၏ မျက်နှာလေးကိုငဲ့ကြည့်ရင်း ယောင်ကန်းကန်းနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

■ ■ ■ ■ ■

'မာမီ' စုလှိုင်က တိုးတိုးလေးခေါ်လိုက်သောအခါ ကျောက်ရုပ်လေးလိုငြိမ်နေသောမာမီက လှည့်ကြည့်သည်။ မာမီ၏ပါးသည် ရောင်ပြီးနီရဲနေသည်။ ကေန္တ ဒက်ဒီရိုက်ထားတာပင်ဖြစ်ရမည်ဟုတွေးရင်း စုလှိုင်သည် သက်ပြင်းလေးရှိုက်လိုက်မိသည်။

'ခြံထဲမှာ မအေးဘူးလား မာမီရယ်၊ အိမ်ထဲဝင်ရအောင်လေ'

'ဟင့်အင်း မာမီ ဒီမှာပဲထိုင်နေချင်တယ်'

မာမီထိုင်နေသောခုံတန်းလေးသည် နှင်းများဖြင့်စိုနေသည်။ လပြည့်ဝန်း၏အရောင်သည် မာမီ၏မျက်တောင်တွင်ခိုတွဲနေသော မျက်ရည်စလေးကို လက်နေအောင် ရောင်ပြန်ဟပ်နေစေသည်။

'မာမီ ဘာလို့ ဖဲဝိုင်းမသွားတာလဲ'

'တစ်ခါတစ်ခါတော့လည်း လူတွေကို ငြီးငွေ့ပြီး မုန်းလာတယ်၊ တစ်ယောက်တည်းပဲနေချင်တယ်'

စုလှိုင်သည် မာမီ၏ဘေးတွင်ဝင်၍ထိုင်ကာ မာမီ၏လက်ကလေးများကို ဆုပ်ကိုင်လိုက်မိသည်။ နူးညံ့ပျော့ပျောင်းသော လက်ဖမိုးလေးများသည် သွေးအသွားအလာရပ်ဆိုင်းနေသလို အေးစက်နေသည်။

'စု ရုပ်ရှင်ကြည့်ပြီးပြန်လာတာ၊ နတ်တီးပရော်ဖက်ဆာလေ ရယ်စရာကားတဲ့'

'ရယ်ရသလား' 'ဟင့်အင်း'

ခုံတန်းလေးဘေးတွင် ကပ်၍စိုက်ထားသော နှင်းဆီပန်းရုံလေးတွင် ပွင့်နေသောနှင်းဆီဖြူလေးသုံးပွင့်သည် ခေါင်းလေးများမော်ကြသည်။ သူတို့သားအမိကို စိတ်ဝင်တစားနှင့် လှမ်းကြည့်နေဟန်ရှိလေသည်။

'ယောကျ်ားတွေကို ဘယ်တော့မှမယုံနဲ့နော် သမီး'

မာမီသည် လပြည့်ဝန်းကိုမော်ကြည့်ရင်း နာကြည်းသောအသံဖြင့် ပြောသည်။

'သူတို့မှာ မေတ္တာတရား၊ အကြင်နာတရားဆိုတာတွေ ဘယ်တော့မှ မရှိဘူး၊ တဏှာပဲရှိတာ၊ ကိုယ်ချင်းစာတရားဆိုတာလည်း ရှိဖို့ဝေလာဝေး'

မာမီ၏ဖြူဝင်းသော နဖူးပြင်ပြန့်ပြန့်ပေါ်ဝယ် ဆံနွယ်ဆံစလေးများ လွန့်လူးနေကြသည်။ ပါးလေးနှစ်ဖက် မသိမသာရောင်နေသော်လည်း မာမီသည် အလှမပျက်ပေ။ မျက်နှာလေးပြည့်ပြီး ပို၍လှလာသယောင်ပင်ရှိသည်ဟု စုလှိုင်တွေးလိုက်မိလေသည်။

'ညနေကလာတာ ဘယ်သူလဲ မာမီ'

'ကိုကိုတင်ပေ့ါ' 'သူက သူက'

'အင်း သူက မာမီ ငယ်ငယ်တုန်းကချစ်သူ'

စုလှိုင်သည် မာမီကို တအံ့တဩကြည့်လိုက်မိသည်။ မာမီကို ထိုသို့ ပွင့်ပွင့်လင်းလင်းပြောလိမ့်မည်ဟု မထင်မှတ်မိပေ။

**“ ‘မာမီ’ စုလှိုင်က တိုးတိုးလေးခေါ်လိုက်သော အခါ ကျောက်ရုပ်လေးလိုငြိမ်နေသောမာမီက လှည့်ကြည့်သည်။ မာမီ၏ပါးသည် ရောင်ပြီးနီရဲနေသည်။ ကေန္တ ဒက်ဒီရိုက်ထားတာပင်ဖြစ်ရမည်ဟုတွေးရင်း စုလှိုင်သည် သက်ပြင်းလေးရှိုက်လိုက်မိသည်။**

**‘ခြံထဲမှာ မအေးဘူးလား မာမီရယ်၊ အိမ်ထဲဝင်ရအောင်လေ’**

**‘ဟင့်အင်း မာမီ ဒီမှာပဲထိုင်နေချင်တယ်’**

**မာမီထိုင်နေသောခုံတန်းလေးသည် နှင်းများဖြင့်စိုနေသည်။ လပြည့်ဝန်း၏အရောင်သည် မာမီ၏မျက်တောင်တွင်ခိုတွဲနေသော မျက်ရည်စလေးကို လက်နေအောင် ရောင်ပြန်ဟပ်နေစေသည် . . .”**

'မာမီတို့သိပ်ချစ်ခဲ့ကြတယ်၊ သမီးတို့ဒက်ဒီနဲ့မာမီကြီးက ပေးစားမယ်လုပ်တော့ မာမီ သူနဲ့လိုက်သွားဖို့ စီစဉ်သေးတာပေ့ါ၊ ဒါပေမဲ့ မာမီကြီးသိသွားလို့ အကြံပျက်ခဲ့ရတယ်လေ'

မာမီသည် သူ့နှုတ်ခမ်းပါးလေးများကို တင်းတင်းကျပ်ကျပ်စေ့ကာပင့်သက်ရှိုက်လိုက်သည်။ နှင်းဆီဖူးဖြူဖြူလေးကိုစိုက်ကြည့်ရင်း သူ၏စိတ်တို့သည် အတိတ်ဆီသို့ လွင့်မြောသွားဟန်ရှိလေသည်။

'သူက သတ္တိမရှိဘူး၊ မာမီကို ချစ်သူကောင်းစားရေးအတွက် အနစ်နာခံမယ် ဘာညာနဲ့ စာရှည်ကြီးရေးပေးခဲ့ပြီး ရှောင်ပြေးသွားတယ်လေ'

'အခု သူဘာလာလုပ်တာလဲမာမီ'

သူ နေမကောင်းဘူး သမီး၊ ပန်းနာရောဂါဖြစ်နေပြီး သူ့မိန်းမလည်း ဆုံးသွားပြီတဲ့၊ ဩော် သူလည်း မိန်းမရတယ်၊ အဲဒီမိန်းမကိုလည်း သူ သိပ်နှိပ်စက်တယ်လို့ သတင်းကြားရတာပဲ၊ အဲဒါ အဲဒါ သူမသေခင် မာမီကို တွေ့ချင်တယ်ဆိုပြီး လာတွေ့တာ'

'ဟင် သူကသေတော့မှာလား' လရောင်ထိုးကျနေသော မာမီ၏မျက်လုံးများသည် မျက်ရည်များနှင့်ရွှန်းစိုလာသည်။ မာမီ၏မျက်ရည်ကိုတွေ့သောအခါ စုလှိုင်၏ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီးဖြစ်လာလေသည်။ မာမီ ငိုသည်ကိုမတားလိုသော်လည်း ဒက်ဒီမဟုတ်သော တခြားယောကျ်ားတစ်ဦးအတွက်တော့ မငိုစေချင်ပေ။

'စုရဲ့ဒက်ဒီက သိပ်ပြီးတစ်ကိုယ်ကောင်းဆန်တယ်၊ မာမီကို အတင်းအကျပ် မရမကယူခဲ့ပေမယ့် မကြင်နာဘူး၊ အမြဲတမ်း မယုံသင်္ကာဖြစ်နေတာပဲ၊ သူဖောက်ပြန်သလို မာမီကိုလည်း တခြားယောကျ်ားတွေနဲ့ ဖောက်ပြန်လိမ့်မယ်ထင်နေတယ်'

မာမီသည် တစ်ခါမျှ ထိုအကြောင်းများကို ပြောလေ့မရှိပေ။ ဒက်ဒီနှင့် ရန်ဖြစ်ကြသော်လည်း ထိုသို့ဖြစ်ပြီးတိုင်း နှစ်ဦးစလုံးအပြင်သို့ထွက်လည်လေ့ရှိကြသည်။ ထို့ကြောင့် မာမီ၏ရင်ထဲမှ နာကြည်းမှုများကို စုလှိုင်မမြင်ခဲ့ရပေ။ ယနေ့မှ ထူးထူးခြားခြား ခြံထဲဆင်းထိုင်နေသောကြောင့် စုလှိုင်နှင့် စကားပြောဖြစ်ခြင်းဖြစ်သည်။ ပြောမယ့်ပြောတော့လည်း မာမီသည် သူ့ရင်ကိုဖွင့်ပြသလို မခြွင်းမချန် ပြောတော့မည်ထင်သည်။

'မာမီ ဒက်ဒီကိုမချစ်ဘူးလား'

စုလှိုင်သည် တိုးတိုးလေးမေးလိုက်မိသည်။ ထိုမေးခွန်းကိုကြားသောအခါ မာမီသည် ဆတ်ခနဲတုန်သွားသည်။ ထို့နောက် စုလှိုင်ကိုမကြည့်ဘဲ တိမ်ကြားထဲသို့ ခိုဝင်သွားသော လပြည့်ဝန်းကိုမော်ကြည့်ကာ လှောင်ပြုံးလေးပြုံးလိုက်သည်။

'မာမီ အခု ဘယ်သူ့ကိုမှမချစ်တော့ဘူး' 'ဟင်'

'ဘယ်ယောကျ်ားကိုမှ မာမီမချစ်တော့ဘူး စု၊ ဘယ်သူ့မေတ္တာကိုမှလည်း မာမီမယုံတော့ဘူး'

'ဟို ဟို လူကြီးရော' စုလှိုင်က ထစ်ထစ်ငေ့ါငေ့ါမေးသောအခါ မာမီသည် စုလှိုင်ကို ဖျတ်ခနဲလှမ်းကြည့်လေသည်။ ထို့နောက် မချိပြုံးလေးပြုံးလိုက်သည်။

'ကိုကိုတင်ကိုလား' 'အင်း'

'သူ့ကိုလည်း မာမီမချစ်တော့ပါဘူးကွယ်၊ သူသည် မာမီကိုမရခဲ့လို့ ခုထိတမ်းတပြီးစွဲနေတာပါ၊ မာမီကိုသာ စုရဲ့ဒက်ဒီလို ရခဲ့တယ်ဆိုရင် သူလည်း ကောင်းချင်မှကောင်းမှာပေ့ါ၊ ဒီလိုပဲ မယုံသင်္ကာနဲ့ ချုပ်ချုပ်ချယ်ချယ်လုပ်ချင်လုပ်နေမှာပေ့ါ'

အပေါ်ထပ်တွင်ရှိသော မာမီကြီး၏အခန်းသည် မီးလင်းနေသည်။ ပြတင်းဝတွင်ရပ်နေသော မာမီကြီး၏သဏ္ဌာန်ကိုတွေ့ရသည်။ နှင်းဆီရုံဘေးရှိ ခုံတန်းလေးပေါ်မှ လူရိပ်သဏ္ဌာန်နှစ်ခုကို စူးစိုက်ကြည့်ပြီး အကဲခတ်နေဟန်ရှိလေသည်။ အဘွား၊ အမေနှင့်မြေးတို့သည် ခန္ဓာကိုယ်ချင်း အလှမ်းမဝေးသော်လည်း စိတ်ချင်းဝေးကွာနေကြသည်။ ဆက်စပ်၍မရသလိုခံစားနေရပြီး စုလှိုင်၏ရင်ထဲတွင် ဟာပြီး ပူပူလောင်လောင်ဖြစ်နေလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# အောင်ပန်းမြို့၊ ရွာသစ်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ ရွာသစ်ရပ်ကွက်မှ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အဆိုပါမြို့ရှိ သီရိမင်္ဂလာတပ်ဦးကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော် ၇၃ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**ပျောက်ဆုံးကြောင်း**
စိုင်းလောင်ခေး(ဘ)စိုင်းစံမြင့် ၁၃/ကတန(နိုင်)၁၆၂၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၂၃၂၂၉၅

**ပျောက်ဆုံးကြောင်း**
ဦးဖြိုးဝေ(ဘ)ဦးဆီကျော်ရုံး ၉/ပဥလ(နိုင်)၀၅၈၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြသဇင်(ဘ)ဦးဇော်မင်းထွန်း ၁၄/ကပန(နိုင်)၂၉၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စောမင်းသူရိန်ထွန်း(ဘ)ဦးစောသိန်းထွန်း ၁၀/ဘလန(နိုင်)၁၄၈၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 455293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မာမာစိုး(ဘ)ဦးစိန်ဝင်း ၈/စလန(နိုင်)၂၃၈၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြိုးမောင်မောင်(ဘ)ဦးအချောင်(ခ)ဦးထွန်းသိန်း ၁၂/ရပသ(နိုင်)၁၂၆၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 031346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

**ပျောက်ဆုံးကြောင်း**
နန်းဆိုင်ဆေး(ဘ)စိုင်းဆန်ကမ် ၁၃/မငန(နိုင်)၀၀၈၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 786108)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၆၂၉၄၉၈

**ပျောက်ဆုံးကြောင်း**
အေးအေးသင်း(ဘ)ဦးမိုးကြည် ၉/ပဘန(နိုင်)၂၃၇၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြာမြင့်(ဘ)ဦးစာမူး ၁၂/သခန(ပြု)၀၀၀၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၅၅၂၀၂၀

**ပျောက်ဆုံးကြောင်း**
မြသီတာ(ဘ)ဦးထွန်းအောင်ကျော် ၁၂/မဂဒ(နိုင်)၁၄၅၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၃၅၆၇၄၇

**ပျောက်ဆုံးကြောင်း**
လသာမြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (၂)လွှာ၊ မ-၆၉၆ နေ ဦးစိုးဝင်း(ခ)သန်းဝင်း(ဘ)ဦးချင်မွန်ဖီး ၁၂/လသန(နိုင်)၀၀၆၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လားရှိုးမြို့၊ ဟူးမွန်အုပ်စု၊ မန်နားရွာနေ မအားရှမ်း(ဘ)ဦးလီချောက်ဆန်း ၁၃/လရန(နိုင်)၂၃၁၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 459630)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၃၃၀၆၁၁

**ပျောက်ဆုံးကြောင်း**
တောင်သာမြို့နယ်နေ မောင်သက်နိုင်ဖြိုး(ဘ)ဦးစန်းမြင့် ၉/တသန(နိုင်)၂၃၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 926347)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၄၂၀၇၇၅

**ပျောက်ဆုံးကြောင်း**
မြအိမွန်(ဘ)ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၀၇၆၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းမြင့်(ဘ)ဦးလှသောင်း ၁၂/တကန(နိုင်)၀၉၁၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နွေးထွေးနိုင်(ဘ)ဦးထွန်းနိုင် ၁၂/ရကန(နိုင်)၀၇၇၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၂၅၂၁

**ပျောက်ဆုံးကြောင်း**
စန္ဒာဝင်း(ဘ)ဦးခွန်ဝင်းမောင် ၁၃/ရစန(နိုင်)၁၁၅၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချစ်စုဝေ(ဘ)ဦးမင်းသိန်း ၇/ညလပ(နိုင်)၂၂၆၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 733644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဝေလင်းအောင်(ဘ)ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၁၉၅၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နော်ဒဲလာစေး(ဘ)စောဝင်းချို ၇/ကဝန(နိုင်)၂၀၀၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၀၂၂၂၁၀

**ပျောက်ဆုံးကြောင်း**
နေနီဝင်းမောင်(ဘ)ဦးဝင်းမောင် ၁၂/စခန(နိုင်)၀၄၇၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၀၇၇၆၉၄

**ပျောက်ဆုံးကြောင်း**
နီလာဝင်း(ဘ)ဦးကျင်စိန် ၁၂/ကမန(နိုင်)၀၈၀၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၄၉၄၁၀၈၅

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ လယ်ဝေးမြို့၊ ကုန်းသာကျေးရွာနေ ဦးထွန်းလင်း(ဘ)ဦးသိန်းဆွေ ၉/လဝန(နိုင်)၂၅၃၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၉၄၅၁၈၈

**ပျောက်ဆုံးကြောင်း**
လသာမြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (၂)လွှာ၊ မ-၆၉၆ နေ မြပွင့်ဖြူ(ဘ)ဦးသန်းဝင်း(ခ)စိုးဝင်း ၁၂/လသန(နိုင်)၀၂၄၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 002371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မကျူကျူ(ဘ)ဦးကွေချန်း ၁၃/ကခန(နိုင်)၁၁၇၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နော်ခရစ္စတီးနား(ဘ)ဦးစောရေဖီအဲလ် ၁၂/ဒလန(နိုင်)၀၄၁၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၉၀၀၄၂၁

**ပျောက်ဆုံးကြောင်း**
ဇင်မောင်မောင်(ဘ)ဦးထွေးအောင်ကျော်၁၃/လရန(နိုင်)၁၂၇၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ကျော်မိုး(ဘ)ဦးညွှန့် ၅/ခဥန(နိုင်)၁၂၁၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၆၇၀၀၂၆

**ပျောက်ဆုံးကြောင်း**
လှမြင့်(ဘ)ဦးကျော်သောင်း ၅/ဟမလ(နိုင်)၀၃၈၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၂၁၃၂၃၂၂

**ပျောက်ဆုံးကြောင်း**
မြတ်ဆုလွင်(ဘ)ဦးအောင်မင်းလွင် ၇/ညလပ(နိုင်)၂၁၂၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိခင်(ဘ)လှဝင်း ၁၂/လကန(နိုင်)၂၁၈၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၈၄၈၂၄၆

**ပျောက်ဆုံးကြောင်း**
ဟန်ပိုင်အောင်(ဘ)ဦးခင်ဝင်း ၁၄/ဟသတ(နိုင်)၂၉၆၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

**ပျောက်ဆုံးကြောင်း**
အောင်ထက်မြတ်(ဘ)ဦးအောင်ကိုဦး ၁၂/ကမန(နိုင်)၁၅၂၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၆၃၈၀၁၂

**ပျောက်ဆုံးကြောင်း**
မောင်ကျော်ကျော်(ဘ)ဦးရွှေလတ် ၅/ယမပ(နိုင်)၀၉၄၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၂၃၆၁၀၃၈

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပျဉ်းမနားမြို့၊ နှမ်းတောကျေးရွာအုပ်စု၊ နှမ်းတောကျေးရွာနေ ရတနာလှိုင်(ဘ)ဦးနှင်းအောင် ၉/ပမန(နိုင်)၂၈၀၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၈၉၁၀၁၀၄

**ပျောက်ဆုံးကြောင်း**
လသာမြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (၂)လွှာ၊ မ-၆၉၆ နေ မယွန်းဝတ်ရည်(ဘ)ဦးသန်းဝင်း(ခ)စိုးဝင်း ၁၂/လသန(နိုင်)၀၂၄၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 002373)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-
- (က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
- (ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
- (ဂ) အယ်ဒီတာ(မြန်မာ)(ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့် ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
- (ဃ) အယ်ဒီတာ(အင်္ဂလိပ်)(ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
- (င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်)(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
- (စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
- (ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်စေရ။
- (ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
- (ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ(သို့မဟုတ်)အသံကောင်းမွန်သူ(သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။
- (စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
ပိုင်းစိုးမင်း(ဘ)ဦးအောင်သန်းလှ ၁၄/ကလန(နိုင်)၁၃၄၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၀၀၇၅၀၀

**ပျောက်ဆုံးကြောင်း**
စိုင်းထွန်းဗိုလ်(ဘ)ဦးတန်ဂေါင် ၁၃/ကခန(နိုင်)၀၇၆၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၄၁၅၁၆၉

**ပျောက်ဆုံးကြောင်း**
မောင်ကျော်ခိုင်(ဘ)ဦးဝင်းနိုင် ၉/ကပတ(နိုင်)၂၇၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၄၇၄၉၄၁

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့နယ်နေ စူဘာစ်ကျန်း(ဘ)ဦးရမ်းနဂီနာ ၇/ဖမန(ပြု)၀၀၃၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့နေ ရာမေ့(စ်)ကူမား(ဘ)ဦးလား(လ်)မိုဟာ ၇/ဖမန(နိုင်)၀၉၇၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မနာဘီ(ဘ)ဒေါ်မာမက်ဆိုဘန်း ၁၀/ကမရ(နိုင်)၂၀၈၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၆၁၄၂၇

**ပျောက်ဆုံးကြောင်း**
အေးသိုက်(ဘ)ဦးအောင်ပိုင် ၈/ရနခ(နိုင်)၀၈၈၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၆၁၇၀၀၂

**ပျောက်ဆုံးကြောင်း**
ကျော်မျိုးခိုင်(ဘ)ဦးဝင်းနိုင် ၂/လကန(နိုင်)၀၈၅၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၄၇၄၉၄၁

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်ညိမ်းညိမ်းသင်း(ဘ)ဦးစိုးကြည် ၁၂/ဒဂတ(နိုင်)၀၃၉၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 061571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန့်မျိုးသန္တာအေး(ဘ)ဦးမြစိန် ၁၄/ကပန(နိုင်)၂၃၅၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၆၁၄၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းမြင့်(ဘ)ဦးညွှန့် ၁၂/ဥကတ(နိုင်)၀၂၉၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၆၈၄၅၃

**ပျောက်ဆုံးကြောင်း**
မသာနု(ဘ)ဦးမောင်ဖိုးဦး ၁၁/ဂမန(နိုင်)၀၀၀၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၄၃၃၀၅၇

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ သမုန်းကုန်း(၃)လမ်း၊ အိမ်အမှတ်(၀၉၈၄)နေ ဦးကျော်သူ(၉/မထလ(နိုင်)၂၅၇၂၁၀)ကိုင်ဆောင်သူမှ(အလျား ၁၈'-၀"x အနံ ၃၆'-၀")RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံး ကြောင်း**
လဖိုင်ဂျာဆိုင်းမိုင်(ဘ)ဦးဇော်နန် ၁/ဝမန(နိုင်)၁၁၉၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံး ကြောင်း**
သက်မွန်စံ(ဘ)ဦးစံသိန်း ၁၂/တတန(နိုင်)၂၃၉၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံး ကြောင်း**
လင်းလင်းခိုင်(ဘ)ဦးအေးငွေ ၁၄/ပသန(နိုင်)၁၆၅၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၅၅၅၃၄၆

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၉-၂-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal(www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၂၈-၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း)အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါကအောက်ပါအတိုင်းအဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


AUNG THITSA OO INSURANCE
အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK
MYANMAR ECONOMIC CORPORATION
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်၊

❖ **ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ"ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၉ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးကောင်ဆိုင်းလ | ၁/တနန(နိုင်)၀၀၀၁၈၂ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးဖီရမ်ဆားရ် | ၁/ပတအ(နိုင်)၀၄၁၃၃၅ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၃ ကော်လံ ၁ ➢**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စာ – ၇ သို့

## ဆောင်းပါး

**ဒီမိုကရေစီလိုလားသူ ပြည်သူများ၏ဆန္ဒအမှန်**

စာ – ၁၂ သို့

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၂ ဦး မြန်မာ - ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၆


ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၂၃ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၃ ဦး၊ ကင်မရွန်းနိုင်ငံသား ၃ ဦး၊ လိုင်ဘေးရီးယားနိုင်ငံသား ၂ ဦးနှင့် ဇန်ဘီယာနိုင်ငံသား ၁ ဦး၊ စုစုပေါင်း **စာမျက်နှာ ၂၆ ကော်လံ ၁** ■



အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၆



ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **(မိုး/ဇလ)**

**နိုင်ငံတကာသတင်း**

**ဗင်နီဇွဲလားအပေါ် အမေရိကန်၏ အရေးယူမှုများက ကမ္ဘာ့လုံခြုံရေးကိုခြိမ်းခြောက်နေဟု ကုလသမဂ္ဂသတိပေး**

စာ – ၂၃ သို့

**ဗင်နီဇွဲလားတွင် ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကျင်းပမည်မဟုတ်ဟု ထရမ့်ပြော**

စာ – ၂၃ သို့

## သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၂၅) နှင့်(၂၆) တွင်ဖော်ပြထားပါသည်။

